ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (13-12-2014) (၈၀၅၃)

## ယခုလည်းကောင်း နောင်လည်းကောင်း

- ပကာသန၊ မပါကြဘဲ
  ဒါနစုစု၊ ကောင်းအောင်ပြုလော့၊
- တစ်ခုဒါန၊ ပါရုံမျှဖြင့်
  သံသရာကြီး၊ လမ်းခရီးကား
  ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး၊
- သီလအကျင့်၊ လုံအောင်ကျင့်လျက်
  အသင့်မေတ္တာ၊ ကရုဏာနှင့်
  သစ္စာခန္တီ၊ စိတ်လည်းရှည်၍
  ကိုယ်စီစိတ်မှု၊ ကောင်းအောင်ပြုမှ
  ယခုလည်းကောင်း၊ နောင်လည်းကောင်းလိမ့်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

# ၂၀၂၀ ၌ အာဆီယံ-ကိုရီးယား ကုန်သွယ်မှုတန်ဖိုး ဘီလီယံ ၂၀၀ ပြည့်မီရန် အားထုတ်မှုနှစ်ဆမြှင့်တင်မည်

ဘူဆန် ဒီဇင်ဘာ ၁၂




**(၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။** (အောက်ပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် ထိပ်သီးအစည်းအဝေး ကျင်းပမည့် ဘက်စ်ကိုကွန်ဗင်းရှင်းခန်းမသို့ရောက်ရှိလာကြရာ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးက ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နံနက်ပိုင်းတွင် ထိပ်သီးအစည်းအဝေး ပထမပိုင်းကို ကျင်းပရာ ကိုရီးယားသမ္မတက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ-ကိုရီးယား ဆက်ဆံရေး ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ် မျှော်မှန်းချက်များနှင့် ဆက်စပ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ပထမပိုင်းတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ ၁၉၈၉ ခုနှစ်မှ စတင်ခဲ့သော ဆွေးနွေးဖက်ဆက်ဆံရေးသည်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

ရေနွေးငွေ့စက်ခေါင်း အထူးရထား ပုဂံ-ကျောက်ပန်းတောင်းခရီးစဉ် စတင်ပြေးဆွဲ။ (ဓာတ်ပုံ - ရဲသူရအောင်) (သတင်း » ၁၀)



## ဥရောပသမဂ္ဂ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံတွင် စတင်ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဥရောပသမဂ္ဂ(အီးယူ)နှင့် မြန်မာလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများတွင် ပိုမိုချိတ်ဆက်ဆောင်ရွက်ရန်ရည်ရွယ်လျက် ဥရောပသမဂ္ဂကုန်သည်ကြီးများအသင်း(မြန်မာ)ကို ဒီဇင်ဘာ ၁၂ ရက်တွင် ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အဆိုပါအသင်း ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

“မြန်မာနိုင်ငံမှာ ဥရောပကုန်သည်ကြီးများအသင်းကို ဖွဲ့စည်းခွင့်ရတဲ့အတွက် များစွာဝမ်းသာပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကုန်သွယ်မှုတိုးမြှင့်ရေးမှာ မြန်မာနဲ့ အီးယူအနေနဲ့ အခုလိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ အရေးကြီးတဲ့လုပ်ငန်းတစ်ရပ်လည်းဖြစ်သလို အီးယူကုမ္ပဏီများအနေဖြင့်လည်း လူမှုတာဝန်သိသော စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်သွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီး ရိုလန်ကိုဘီယာကပြောသည်။

အီးယူကုန်သည်ကြီးများအသင်းတွင် ပြင်သစ်မြန်မာကုန်သည် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းတည်ထောင်ခြင်းဖြစ်ပြီး အထူးသဖြင့် ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ အီတလီ၊ ဟန်ဂေရီတို့လည်း ပါဝင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာကို အီးယူနိုင်ငံများက ပိုမိုသိမြင်လာအောင် လုပ်ဆောင်ပေးမည်ဖြစ်ပြီး ငွေကြေးအကျိုးအမြတ်များနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် နည်းပညာပိုင်းများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❋**

DECO
DECO-LAND
အဆင့်မြင့်စက္ကူအမျိုးမျိုးဖြန့်ချိရေး
Art Card ❖
Art Paper ❖
Sticker Paper ❖
Woodfree Paper ❖
Newsprint Paper ❖
Carbonless Paper ❖
Duplex Coated Paper ❖
(Grey Back/White Back)
One Stop Shopping @ 01 684284, 687736~39


ကြေးမုံစာတည်းရှုထောင့် ၁၃-၁၂-၂၀၁၄၊ စနေနေ့

# ကောင်းမွန်သောလူမှုဘဝဖြစ်အောင် ရှောင်ကြဉ်

မျက်မှောက်ကာလအမျိုးသားများ ထိခိုက်လွယ်သည့်ရောဂါတစ်မျိုးအား ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ထည့်သွင်းအသိပေးနေသည်ကို မကြာခဏတွေ့နေရသည်။ ယင်းမှာ အရက်ကြောင့်ဖြစ်သော ရောဂါနှင့် နောက်ဆက်တွဲပြဿနာများဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏စစ်တမ်းများတွင် လူငယ်လူရွယ်များသာမက အမျိုးသမီးများပင် အရက်သောက်သုံးလာကြသည်ဟု ဆိုထားသည်။ အရက်သောက်သုံးခြင်းကြောင့်ဖြစ်တတ်သော အသည်းခြောက်ရောဂါသာမက ကြောက်မက်ဖွယ်ကောင်းသော နောက်ဆက်တွဲပြဿနာများကို တင်ပြထားသည်။

အရက်သောက်သုံးခြင်းကြောင့် မတော်တဆထိခိုက်မှုများဖြစ်ပွားကာ သေဆုံးဒဏ်ရာရသည်အထိဖြစ်ကြသည်။ လူမှုရေးပြဿနာများ၊ ရာဇဝတ်မှုများပိုမိုများပြားလာကြောင်း တွေ့ရှိထားသည်။ နှစ်စဉ်ကမ္ဘာ့လူဦးရေ သန်း ၂၀၀၀ ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲသောက်သုံးနေကြပြီး သန်း ၈၀ နီးပါးသည် အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ခံစားနေရကြောင်း စစ်တမ်းများတွင်ဆိုထားသည်။

အရက်ကိုစွဲစွဲမြဲမြဲသောက်သုံးခြင်းကြောင့် ဖြစ်တတ်သောရောဂါများတွင် အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးရောဂါဖြစ်ခြင်း၊ သားသမီးမရခြင်း၊ စိတ်ရောဂါဖြစ်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

အရက်ကြောင့်ဖြစ်သော နောက်ဆက်တွဲပြဿနာများတွင် ပတ်ဝန်းကျင်ကို အထိခိုက်ဆုံးပြဿနာမှာ စိတ်ကျန်းမာရေးပြဿနာဖြစ်သည်။ အရက်အမူးလွန်သောကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူတတ်သည်။ စိတ်ဖောက်ပြန်ခြင်း၊ စိတ်ကြွ၊ စိတ်ကျရောဂါဖြစ်ကာ မိမိကိုယ်ကိုအဆုံးစီရင်ခြင်း၊ သံသယလွန်ခြင်း၊ အတက်ရောဂါဖြစ်ခြင်း၊ ညစဉ်အိပ်မပျော်သည့်ရောဂါရခြင်း၊ မှတ်ဉာဏ်လျော့နည်းခြင်း၊ ပျက်စီးခြင်း၊ ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းနှင့် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများထိခိုက်ပြီး သက်တမ်းစေ့မနေရခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

ထို့ကြောင့် အသက်အရွယ်မရွေး အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ရန် လိုအပ်သည်မှာ ကျန်းမာရေးပြဿနာအရသာမက ဘာသာရေး၊ လူမှုရေးအရလည်း ရှောင်ကြဉ်သင့်ရှောင်ကြဉ်အပ်သောအရာဖြစ်သည်။ သောက်သုံးသူကိုယ်တိုင် ရှောင်ကြဉ်ရန်လိုအပ်သကဲ့သို့ အရွယ်မရောက်သေးသူကလေးငယ်များ၊ အမျိုးသမီးများကို အရက်ဝယ်ခိုင်းခြင်း၊ ရောင်းချခြင်းမပြုလုပ်စေရန်နှင့် မသောက်သုံးမိစေရန်လည်း အထူးဆင်ခြင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း အရက်ကြောင့်ဖြစ်သော ရောဂါများ၊ နောက်ဆက်တွဲဆိုးကျိုးများကို နေ့စဉ်မြင်တွေ့ကြားသိနေရသည်။ သောက်သုံးသူသာမက ရောင်းချသူများကပါ စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြဖို့ လိုမည်ဖြစ်သည်။ အရက်နှင့်ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းဥပဒေများလည်းရှိပြီးဖြစ်သည်။ ယင်းတို့ကို တိတိကျကျ လိုက်နာရန်လိုပြီး လိုက်နာမှုမရှိပါက ထိရောက်စွာအရေးယူနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်သင့်သည်။

ဖော်ပြပါ ပြဿနာများ၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ မဖြစ်ပေါ်စေရန်အတွက် ရောင်းချရာတွင် ဆင်ခြင်ရမည်ဖြစ်သလို သောက်သုံးမှုလည်း လုံးဝရှောင်ကြဉ်သင့်သည်။ အရက်စွဲရောဂါဖြစ်နေပါကလည်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ဆေးလျင်စွာပြသ၍ စနစ်တကျကုသမှုခံယူကြရန် လိုအပ်သည်။

သို့ဖြစ်ရာ အရက်သောက်သုံးခြင်းသည် လူမှုဘဝနှင့်လူမှုပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်သဖြင့် ရောင်းသူရော သောက်သုံးသူများပါ အသိတရားရှိရှိ ဆင်ခြင်သုံးသပ်မိရန်လိုသည်။ အရက်၏ကျေးကျွန်ဘဝမရောက်မီ ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်းဖြင့် မိမိအတွက်ရော မိမိ မိသားစုအတွက်သာမက ပတ်ဝန်းကျင်တစ်ရပ်လုံးအတွက်ပါ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ။




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၂

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၇၆၀၀ | - | ၆၆၈၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၇၅၀၀ | - | ၆၆၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၁. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၆၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၂၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၄၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၄၇၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၆၂. ၆၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၇၃၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၄၆. ၂၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၅၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# ဗိုလ်ရှုခံအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ဗိုလ်ရှုခံအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆပ်ကော်မတီက ဆောင်ရွက်လျက်ရှိသော ဗိုလ်ရှုခံအခမ်းအနားနှင့် ပတ်သက်သည့် သမိုင်းဆိုင်ရာအချက်အလက်များနှင့် တေးသီချင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားနေ့တွင် တိုက်ရိုက်ထုတ်လွှင့်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်မှု၊ နေပြည်တော်ကောင်စီနယ်မြေတွင် လူထုလှုံ့ဆော်ရေး ဗီနိုင်းပိုစတာရှစ်ခု တပ်ဆင်ပြီးစီးမှုနှင့် သပြေကုန်းအဝိုင်းမုခ်ဦးတွင် တပ်ဆင်ရန် ဆောင်ရွက်နေမှုများ၊ သတင်းစာများတွင် သတင်းဆောင်းပါး ရေးသားဖော်ပြပြီးစီးမှုနှင့် ဆက်လက်ဖော်ပြမည့် အခြေအနေများ၊ ဗိုလ်ရှုခံအခမ်းအနား ကျင်းပရန် ဆောင်ရွက်နေမှုများနှင့် ယခင် ဗိုလ်ရှုခံအခမ်းအနားများသို့ တက်ရောက်ဖူးသည့် လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခန်းများ ရိုက်ကူးဆောင်ရွက်နေမှုနှင့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ သတင်းရယူနိုင်ရေးအတွက် မှတ်ပုံတင်ဆောင်ရွက်နေမှုများကို ဆပ်ကော်မတီအဖွဲ့ဝင်အသီးသီးက တင်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြန်ကြားရေးနှင့်လူထုလှုံ့ဆော်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဆပ်ကော်မတီ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဝင်များ ဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် လူထုလှုံ့ဆော်ရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များသည် သပြေကုန်းအဝိုင်း နေပြည်တော် မြို့တော်ခန်းမရှေ့နှင့် ပျဉ်းမနားမြို့တို့တွင် စိုက်ထူဆောင်ရွက်နေသော လှုံ့ဆော်ရေး မြေစိုက်ဗီနိုင်းပိုစတာများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။**(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**




ရွှေဆောင်(၁)
ဖုန်း - 01370787
09 7301704
မင်္ဂလာ စံပြ
ဖုန်း - ၀၉၇၇၃၁၇၆၀၀၀
၀၉၇၇၃၁၇၆၁၁၁
၀၉၇၇၃၁၇၆၂၂၂
မင်္ဂလာဒိုင်းမွန်း
ဒိုင်းမွန်းပလာဇာ(၅)လွှာ၊
မန္တလေး
ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊
၀၉၄၀၂၇၆၅၆၄၂
၁၂ . ၁၂ . ၂၀၁၄ ရက်မှစတင်၍
တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတ်မှတ်ပြ ၁၀:၀၀နာရီ ၁၂:၃၀နာရီ ၃:၃၀နာရီ ၆:၃၀နာရီ ၉:၃၀ နာရီ




နေပြည်တော်
ဖုန်း - 251277
251288
မင်္ဂလာ စံပြ
ဖုန်း - ၀၉၇၇၃၁၇၆၀၀၀
၀၉၇၇၃၁၇၆၁၁၁
၀၉၇၇၃၁၇၆၂၂၂
မင်္ဂလာဒိုင်းမွန်း
ဒိုင်းမွန်းပလာဇာ(၅)လွှာ၊
မန္တလေး
ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊
၀၉၄၀၂၇၆၅၆၄၂
၁၂ . ၁၂ . ၂၀၁၄ ရက်မှစတင်၍
တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတ်မှတ်ပြ ၁၀:၀၀နာရီ ၁၂:၃၀နာရီ ၃:၃၀နာရီ ၆:၃၀နာရီ ၉:၃၀ နာရီ



❖ ကျောဖုံးမှ

ပြည်သူများ၊ ပညာရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံက အမြဲကျေးဇူးတင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ ဒီမိုကရက်တစ်ကျင့်စဉ်များရင့်ကျက်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့အတွက် နိုင်ငံတကာအထောက်အပံ့သည် အဓိကကျသည်ဖြစ်ရာ ပညာရေးကဏ္ဍအားထောက်ပံ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပါမောက္ခချုပ်တို့သည် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ နိုင်ငံတော်သမ္မတအား ဂုဏ်ပြုတည်ဆောက်ထားသော ဦးသိန်းစိန်ခန်းမကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဆိုပါတက္ကသိုလ်ရှိ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာဘာသာသင်ကြားနေသော ကိုရီးယားကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော ညစာစားပွဲတက်ရောက်

**ဘူဆန် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် ည ၈ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ Westin Chosun ဟိုတယ်၌ ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။ **(အောက်ပုံ)**

အဆိုပါညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**



✱ ဥရောပမှ

မှုဝါဒများ၊ ကျွမ်းကျင်ပညာရှင်များ ခေါ်ယူလာပြီး စီးပွားရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကိုလည်း ဖလှယ်ပေးသွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသူ ဥရောပ လုပ်ငန်းရှင်များကလည်း တာဝန်သိ၊ တာဝန်ခံသည့် မိတ်ဖက်များအဖြစ် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမှာဖြစ်ကြောင်း၊ ပြင်သစ်-မြန်မာကုန်သည် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Julien Esch က ပြောသည်။

အီးယူက မြန်မာနိုင်ငံကို လက်နက်၊ ခဲယမ်းကလွဲရင် ကျန်တဲ့ပစ္စည်းအားလုံးအပေါ်မှာ အခွန်သက်သာခွင့် အခွင့်အရေး(GSP)ကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်ပေးခဲ့သည်။ အီးယူမြန်မာကုန်သွယ်မှုသည် တိုးတက်နေပြီး ယခုနှစ်တွင် သန်း ၄၀၀ ဝန်းကျင်ရှိနေပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ကုန်သွယ်မှု တိုးမြှင့်လာတဲ့အလျောက် မြန်မာနိုင်ငံပစ္စည်းတွေကလည်း အီးယူကိုတင်ပို့နိုင်လာမယ်။ မြန်မာနိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေရရှိမယ်။ အီးယူက ကုန်ပစ္စည်းတွေကို မြန်မာနိုင်ငံထဲကို တင်သွင်းနိုင်တဲ့အတွက်လည်း မြန်မာနိုင်ငံသားတွေအနေနဲ့ အရည်အသွေးရှိတဲ့ပစ္စည်းတွေကိုသုံးစွဲနိုင်လာပြီး လူနေမှုအဆင့်အတန်းတွေလည်း အတိုင်းအတာတစ်ခုအထိ အထောက်အကူဖြစ်ပါမယ်။ ထုတ်လုပ်မှုတိုင်းမှာတော့ ယှဉ်ပြိုင်မှုဆိုတာရှိတာပါပဲ။ မြန်မာလုပ်ငန်းရှင်တွေကလည်း ကလေးနဲ့လူကြီးယှဉ်ပြိုင်မှုမျိုးလိုမဖြစ်ရအောင် အရည်အချင်းပိုင်းတွေဖြည့်ထားရမှာဖြစ်ပါတယ်"ဟု အဆိုပါပွဲကို တက်ရောက်လာသူ A A Medical Products မန်နေဂျင်းဒါရိုက်တာ ဦးဇော်မိုးခိုင်က ပြောသည်။

အစိုးရသစ်တက်လာပြီးနောက် အီးယူနှင့် မြန်မာနိုင်ငံတို့၏ချိတ်ဆက်ဆောင်ရွက်မှုမှာ ပိုမိုနီးကပ်လာသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးနှင့် အခြားကဏ္ဍများစွာတို့တွင်လည်း အီးယူက အကူအညီများ ပေးလျက်ရှိသည်။ ဒီမိုကရေစီနည်းကျ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ အရှိန်မြှင့်တင်ရန်၊ အထူးသဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ ပိုမိုအထမြောက်အောင်မြင်စေရန် ရည်ရွယ်လျက် ၂၀၁၄ မှ ၂၀၂၀ ခုနှစ် များအတွင်း အမေရိကန်ဒေါ်လာ သန်း ၉၀၀ ထောက်ပံ့ပေးမည်ဟုလည်း ဒီဇင်ဘာ ၈ ရက်က ထုတ်ပြန်ခဲ့သည်။

"မြန်မာနိုင်ငံက ယခင်ကလို တစ်ဦးတည်းသီးခြားနေလို့ မရတော့ပါဘူး။ တာဝန်ယူမှုရှိတဲ့မိတ်ဆွေနိုင်ငံများနဲ့လက်တွဲပြီး ဆက်လက်လုပ်ဆောင်မယ်ဆိုရင် အချိန်တိုတိုနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ လိုချင်တဲ့ပန်းတိုင်ကို ရပါလိမ့်မယ်" ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးကပြောသည်။

**(နန္ဒာဝင်း)**

# မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်ရေးစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ ပထမအကြိမ် အစည်းအဝေးများကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမများ၌ ကျင်းပရာ ဦးဆောင်ကော်မတီအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့က အမှာစကားပြောကြားကြပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး၏ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Jeremy Douglas က ငါးနှစ်စီမံကိန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းတွင်ပါရှိသည့် နိုင်ငံဖြတ်ကျော်မှုခင်းနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ရေရှည်တည်တံ့မည့် လူမှုဘဝမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီများ၏ ပထမအကြိမ်အစည်းအဝေးကိုများကျင်းပရာ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကော်မတီအလိုက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို အကြံပြုဆွေးနွေးကြသည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိဆောင်ရွက်မည့် အဆိုပါ မြန်မာနိုင်ငံဆိုင်ရာစီမံကိန်းသည် မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသည့် လုံခြုံရေး၊ တရားမျှတရေးနှင့် တရားဥပဒေစိုးမိုးရေးတို့နှင့် ဆက်စပ်နေသော ဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများကို အကူအညီပေးရန်နှင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများနှင့် မူးယစ်ဆေးသုံးစွဲခြင်း၏ ခြိမ်းခြောက်မှုများမှ လွတ်ကင်းသော၊ ပိုမို၍ အခြေအနေကောင်းမွန်ဘေးကင်းလုံခြုံသော၊ အမျိုးသားလူ့ဘောင်အဖွဲ့အစည်းနှင့် တရားမျှတမှုပေးစွမ်းနိုင်သော သိက္ခာရှိသည့်ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်ကိုးစားမှုများကို ဖော်ဆောင်ပေးရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



# အကျင့်ပျက်မှုစုံစမ်းစစ်ဆေးသူများအား တရုတ်အမျိုးသားကွန်ဂရက်သို့စေလွှတ်



**ပေကျင်း ဒီဇင်ဘာ ၁၂**

တရုတ်အာဏာရကွန်မြူနစ်ပါတီ၏ အကျင့်ပျက်ခြစားမှုစောင့်ကြည့်ရေးအဖွဲ့က အကျင့်ပျက်မှု စုံစမ်းစစ်ဆေးသူများအား တရုတ်အမျိုးသားကွန်ဂရက်သို့ ပထမဆုံးအကြိမ်စေလွှတ်လိမ့်မည် ဖြစ်သည်။

တရုတ်အစိုးရအဖွဲ့ဝင်အားလုံးသည်တရုတ်ကွန်မြူနစ်ပါတီ၏ ထိန်းချုပ်ကွပ်ကဲမှု အောက်တွင်ရှိသော်လည်း ပါတီ၏ စည်းကမ်းထိန်းသိမ်းရေးဗဟိုကော်မရှင်က အကျင့်ပျက်မှု စုံစမ်းစစ်ဆေးသူများအား တရုတ်အမျိုးသားကွန်ဂရက်သို့ပေးပို့စေလွှတ်ခြင်းသည် ပထမဆုံးသော အကြိမ်ဖြစ်သည်။ တရုတ်အမျိုးသားကွန်ဂရက်သည် နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာအရှိဆုံးဖြစ်သည်။

စုံစမ်းစစ်ဆေးသူများကို ပါတီဗဟိုကော်မတီ၏ အထွေထွေရုံးကဲ့သို့သော အရေးကြီးသော ဌာနခြောက်ခုတွင် တာဝန်ခွဲဝေပေးလိမ့်မည် ဖြစ်သည်။

ပါတီ၏အဓိက အဖွဲ့အစည်းခုနစ်ခုတွင် စည်းကမ်းထိန်းသိမ်းရေးဗဟိုကော်မရှင် တည်ထောင်ထားခြင်းသည် ဌာနများ၏ ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များကို အနီးကပ်ကြီးကြပ်ကွပ်ကဲနိုင်ရန် ရည်ရွယ်သည်။

စုံစမ်းစစ်ဆေးရေးသမားများအနေဖြင့် အဆင့်မြင့်အရာရှိကြီးများ၏ အကျင့်ပျက်မှုများကို စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး အရာရှိကြီးများ၏ ပုဂ္ဂိုလ်ရေးအချက်အလက်များ၊မိသားစု၊ ပိုင်ဆိုင်မှုနှင့်လုပ်ဆောင်ချက်မှတ်တမ်းများကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

နှစ်နှစ်အကြာက သမ္မတ ရှီကျင့်ဖျင်အာဏာရလာသည့်အချိန်မှစပြီး ပါတီ၏အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးလှုပ်ရှားမှုကို စတင်ခဲ့ကြောင်းသိရသည်။ **ရိုက်တာ။**

# အေသင်မြို့အစ္စရေးသံရုံးကို သေနတ်ဖြင့်ပစ်ခတ်

**အေသင် ဒီဇင်ဘာ ၁၂**

ဂရိနိုင်ငံ အေသင်မြို့တွင် အမည်မသိရန်လိုသူများက အစ္စရေးသံရုံးကို သောကြာနေ့ နံနက် စောစောအချိန်၌ ကလပ်ရှ်နီကော့ဗ် တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ သို့သော် ဒဏ်ရာရရှိမှု သို့မဟုတ် ပျက်စီးမှုသတင်းများကိုမူ မရရှိပေ။



အေသင်မြို့ မြောက်ပိုင်းရပ်ကွက်တစ်ခုအတွင်းရှိ အစ္စရေးသံရုံး အဆောက်အအုံကို လူလေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် လာရောက်ပစ်ခတ်ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

နံရံများ၌ သေနတ်ကျည်ဆန်များဝင်လျက်ရှိသည်။ ကျည်ခွံ ၅၄ ခုကို အဆောက်အအုံမှ မီတာ ၄၀ ခန့်အကွာတွင် တွေ့ရသည်ဟု ရဲတပ်ဖွဲ့ကပြောသည်။

အဆိုပါတိုက်ခိုက်မှုကို ဂရိအစိုးရက ရှုတ်ချသည်။ သံရုံး၏ ဘေးပတ်ပတ်လည်သို့ လူများမဝင်နိုင်ရန် ရဲတပ်ဖွဲ့က တားဆီးထားသည်။

ဂရိနိုင်ငံတွင် စီးပွားရေးပြဿနာများကြီးထွားလာ၍ လူမှုရေးနှင့် နိုင်ငံရေး တင်းမာမှုများရှိသော်လည်း ဤသို့ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းမရှိပေ။

ယမန်နှစ်က အေသင်မြို့တွင် ဂျာမန်သံအမတ်ကြီး၏ နေအိမ်ကို အလားတူ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

**ရိုက်တာ။**

□□

# ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း သိုလှောင်ရေးစခန်း တောင်ကိုရီးယား၌ ဖွင့်လှစ်ရန် ခွင့်ပြု

**ဆိုးလ် ဒီဇင်ဘာ ၁၂**

တောင်ကိုရီးယားနိုင်ငံ၌ ရေဒီယို သတ္တိကြွစွန့်ပစ်ပစ္စည်း သိုလှောင်ရေးစခန်း ဖွင့်လှစ်လုပ်ကိုင်ရန် အာဏာပိုင်များက ဒီဇင်ဘာ ၁၁ ရက်တွင် ခွင့်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ စခန်းဖွင့်လှစ်ရေးမှာ ပြည်သူများ၏ ကန့်ကွက်မှုကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။ အဏုမြူဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်မှုကို ပြည်သူများအတွင်း စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် အဏုမြူစွမ်းအင် သုံးစွဲမှုအရ ပဉ္စမမြောက်နေရာတွင် ရပ်တည်နေသည်။ ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံ ဖူကူရှိမား ပြည်နယ်၌ ဓာတ်ရောင်ခြည် ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်း၊ ပြည်ပမှ ဓာတ်ပေါင်းဖိုစက်ကိရိယာအစိတ်အပိုင်းများ ဝယ်ယူတင်သွင်းရာတွင် အဏုမြူဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ ထောက်ခံစာအတုများကို အသုံးပြု၍ ဝယ်ယူတင်သွင်းသည့် အရှုပ်တော်ပုံ ပေါ်ပေါက်ခဲ့ခြင်း စသည့်အကြောင်းတရားများကြောင့် ရေဒီယို သတ္တိကြွစွန့်ပစ်ပစ္စည်း သိုလှောင်ရေးစခန်းဖွင့်လှစ်ခြင်း မပြုရန် ပြည်သူတို့က ကန့်ကွက်ခဲ့ကြသည်။

ကိုရီးယားရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းအေဂျင်စီက အဆိုပါ စခန်းကို ထူထောင်လုပ်ကိုင်မည်ဖြစ်သည်။ ယင်းစက်ရုံ၌ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ ထည့်သွင်းနိုင်သော စည်ပေါင်း ၁၀၀၀၀၀ ကို မြေအောက်ထပ်၌ သိုလှောင်ထားရှိနိုင်သည်။

**ယူပီအိုင်။**

# နိုင်ဂျီးရီးယားတွင် ဗုံးပေါက်ကွဲ အနည်းဆုံးလူ ၄၀ သေဆုံး

**ဂျိုးစ် ဒီဇင်ဘာ ၁၂**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းဂျိုးစ်မြို့၏ ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၄၀ ထက်မနည်း သေဆုံးသွားကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

“မီးအလင်းတန်းတစ်ခုကိုမြင်လိုက်တယ်။ ပြီးတော့ အသံအကျယ်ကြီးကြားလိုက်ရတယ်။ အဲဒီနောက်မှာတော့ နေရာတိုင်းမှာ အပျက်အစီးတွေနဲ့လူသေအလောင်းတွေပဲ” ဟု မျက်မြင်သက်သေတစ်ဦးကဆိုသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် အစ္စလာမ့်နိုင်ငံထူထောင်ရန် ကြိုးပမ်းနေသော ဆွန်နီဘာသာရေးလှုပ်ရှားသူများဖြစ်သည်။

ဘိုကိုဟာရမ်စစ်သွေးကြွများသည် မေလကယခုဗုံးပေါက်ကွဲသောနေရာတွင် ဗုံးဖောက်ခွဲခဲ့ရာ လူ ၁၁၈ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

**ရိုက်တာ။**

# ဒေလီမြို့တွင် တက္ကစီဝန်ဆောင်မှုလုပ်ငန်းများ ပိတ်သိမ်းခြင်းခံရ

**ဒေလီ ဒီဇင်ဘာ ၁၂**

Uber နိုင်ငံတကာတက္ကစီ ကြိုတင်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ယာဉ်မောင်းတစ်ဦးက ခရီးသည် အမျိုးသမီးတစ်ဦးအား ဒီဇင်ဘာ ၅ရက်က အဓမ္မပြုကျင့်မှုတစ်ရပ်ဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံမြို့တော် ဒေလီ အာဏာပိုင်များက မြို့တော်အတွင်းရှိ တက္ကစီကြိုတင်ငှားရမ်း ခြင်းလုပ်ငန်းများကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ယနေ့ဖော်ပြသည်။



ပြစ်မှုကျူးလွန်ခဲ့သည့် ယာဉ်မောင်းအား ရုံးထုတ်လာစဉ်။

ပြစ်မှုကျူးလွန်ခဲ့သည့် ယာဉ်မောင်းအား ရုံးတင်စစ်ဆေးနေကြောင်း သိရသည်။ ယာဉ်မောင်းများ၏ စည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် ဒေလီအာဏာပိုင်များက Uber ဝန်ဆောင်မှုလုပ်ငန်းကို ပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။

ဒေလီအစိုးရက မှတ်ပုံတင်ထားသော တက္ကစီကုမ္ပဏီခြောက်ခုကိုသာ လုပ်ငန်းလည်ပတ်ခွင့်ပြုထားကြောင်း ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

အွန်လိုင်းမှ အလုပ်လက်ခံပြီး မှတ်ပုံမတင်ထားသော မည်သည့်ပို့ဆောင်ရေးလုပ်ငန်းမဆိုနှင့် တက္ကစီဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို ပို့ဆောင်ရေးဌာနမှ ခွင့်ပြုချက် (သို့) လုပ်ငန်းလိုင်စင်တစ်ခုခုရရှိမှသာ လုပ်ငန်းလည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း ဒေလီပို့ဆောင်ရေးဌာန ဒုတိယအကြီးအကဲကပြောသည်။

တက္ကစီဝန်ဆောင်မှုလုပ်ငန်းများအား ပိတ်သိမ်းမှုသည် မြို့တော်အတွင်းရှိ တက္ကစီဝန်ဆောင်မှု လုပ်ငန်းအများအပြားကို ထိခိုက်စေပြီး တက္ကစီယာဉ်မောင်းများ အလုပ်လက်မဲ့ဖြစ်စေသည်။

အဓမ္မပြုကျင့်ခံရသောမိန်းကလေးက Uber တက္ကစီဝန်ဆောင်မှုလုပ်ငန်းအား ပိတ်သိမ်းမှုအပေါ် မည်သည့် ထင်မြင်ယူဆချက်ကိုမျှ ဖော်ပြခြင်းမရှိသေးပေ။ **ဘီဘီစီ။**

# ခေါင်းဆောင်မှုအတတ်ပညာသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် အသက်တမျှအရေးကြီး

# တတ်မြောက်ထားသော ပညာရပ်များကို တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပါ ကြိုးစားဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ယနေ့ မိမိတို့တပ်မတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် စံချိန်မီတပ်မတော်တစ်ရပ် တည်ဆောက်ရေးအတွက် လက်နက်၊ ခဲယမ်း၊ ယာဉ်၊ ယန္တရား အပါအဝင် စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ ဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာအင်အားများအားလုံး တောင့်တင်းခိုင်မာလာအောင်ဆောင်ရွက်ရာတွင် အင်ဂျင်နီယာ အတတ်ပညာရှင်များသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေခြင်းကြောင့် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာပညာရှင်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)မှ အကောင်းဆုံးအင်ဂျင်နီယာဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အမှတ် ၆၇၄၁ ဗိုလ်လောင်း အောင်ဇင်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၆၅၀၂ ဗိုလ်လောင်း နိုင်လင်းအောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၆၅၄၄ ဗိုလ်လောင်း မိုးမင်းထွန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် သိပ္ပံနှင့်နည်းပညာပိုင်းတွင် အခြားနိုင်ငံများကို အမီလိုက်နိုင်ရန် တစ်မျိုးသားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း စွမ်းရည်မြင့်မားလာစေရန်အတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အင်ဂျင်နီယာ အတတ်ပညာရှင်များ ဖြစ်ကြသည့်အလျောက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီတပ်မတော်တည်ဆောက်ရေးအတွက် အားထားရသည့် ပညာရှင်များ ဖြစ်အောင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရမည် ဖြစ်ကြောင်း၊ အခြေခံအားဖြင့် စစ်သုံးလက်နက်ကိရိယာများ၊ ရေယာဉ်နှင့် လေယာဉ်များကို ပြည်တွင်းမှာ တပ်ဆင်ပြုပြင်နိုင်သည့်အပြင် ပိုမိုအစွမ်းထက်အောင် တီထွင်လုပ်ကိုင်နိုင်ရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေနှင့် ခေတ်မီစစ်လက်နက်ပစ္စည်းထုတ်လုပ်မှုအပိုင်းတွင် အမှီအခိုကင်းစွာ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် **သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Research and Development) များကို စဉ်ဆက်မပြတ်ဆောင်ရွက်**သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်ကို ခေတ်မီပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ် တည်ဆောက်သည့်နေရာတွင် “ အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရဲဘော်တို့လို အတတ်ပညာရှင်များ၊ အသိပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ **ယနေ့စစ်ပွဲများတွင် မြေပြင်၊ ဝေဟင်၊ ရေပြင်သာမက အာကာသနှင့် Cyber ကဏ္ဍများ ပါဝင်လာပြီး ဘက်ပေါင်းစုံက စစ်ဆင်တိုက်ခိုက်မှုများ ဆောင်ရွက်လာကြသည်ကို တွေ့ရ**ကြောင်း၊ ထို့ကြောင့် ခေတ်သစ်စစ်ပွဲများကိုရင်ဆိုင်ရန် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်သည့်အခါ နည်းပညာတိုးတက်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်လာသည့်အလျောက် ရဲဘော်တို့အနေဖြင့်လည်း စစ်ဘက်နည်းပညာနှင့် သိပ္ပံပညာရပ်များကို မြှင့်တင်ပေးနိုင်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် သားကောင်းရတနာများဖြစ်လာအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခု **သင်ကြားပေးလိုက်သည့် ပညာရပ်များသည် အခြေခံသီအိုရီမျှသာဖြစ်ပြီး ဆက်လက်လေ့လာသုတေသနပြုရန် လိုအပ်သကဲ့သို့ လေ့လာရရှိသည့် ပညာရပ်များကို ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ရန်လည်း လို**အပ်ကြောင်း၊ ထိုသို့ကျွမ်းကျင်ပြီးပညာရပ်များကို အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ လက်တွေ့လုပ်ငန်းများတွင် စနစ်တကျလိုက်နာကျင့်သုံးတီထွင်နိုင်မှု စွမ်းပကားများ တိုးတက်ရရှိလာမည် ဖြစ်ကြောင်း၊ “ကျင့်ဝတ်၊ တီထွင်၊ စွမ်းအားရှင်” ဆိုသည့် တပ်မတော်နည်းပညာတက္ကသိုလ်၏ လမ်းညွှန်ဆောင်ပုဒ်အတိုင်း အရာရာကိုတီထွင်ဖန်တီးလိုသည့်စိတ်ကူးစိတ်သန်းဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်များရှိရမည့်အပြင် တီထွင်ဖန်တီးမှုရလဒ်များကိုလည်း ကိုယ်ကျင့်တရားကျင့်ဝတ်နှင့်အညီ လူ့ဘောင်လောကကို ကောင်းကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သည့်အလျောက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထုအကျိုးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုလျှင် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီး**ကြောင်း၊ **တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းရင်းသားအချင်းချင်းထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံရေးအရ စုစည်းညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည်ဖြစ်**ကြောင်း၊ ထိုကဲ့သို့ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ နိုင်ငံရေးအရ စုစည်းညီညွတ်မှုများရှိလာလျှင် စီးပွားရေးစွမ်းအားများ ဖော်ဆောင်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လာမည်လည်းဖြစ်ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံးသည် “ပြည်ထောင်စုစိတ်ဓာတ်”ရှိရန်လိုကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၏ အခြေခံလိုအပ်ချက်သည်လည်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် **ဒေသတွင်းမဟာဗျူဟာကျသည့် တည်နေရာကိုပိုင်ဆိုင်ထားပြီး တိုင်းရင်းသားလူမျိုးစုတစ်ရာကျော်စုပေါင်းနေထိုင်ကြသည့်အတွက် တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက်၊ အေးအတူပူအမျှ နေထိုင်သွားကြမည်ဟူသော သန္နိဋ္ဌာန်စိတ်ဓာတ်ကို ခိုင်မြဲစွာချမှတ်ထားမှသာ နိုင်ငံတော်၏ အချုပ်အခြာအာဏာဟာ အစဉ်တည်တံ့ခိုင်မြဲနေမည်ဖြစ်**ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရဲဘော်တို့အနေဖြင့် တာဝန်ကျရာနေရာဒေသအသီးသီးတွင် မိမိတတ်မြောက်ထားသည့် အင်ဂျင်နီယာအတတ်ပညာရပ်များနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာနှင့် ပတ်သက်လျှင် အလွန်မြင့်မားလာသည့်အတွက် အနာဂတ်ခေတ်မီတပ်မတော်သည် ရဲဘော်တို့လို အသိပညာရှင်၊ အတတ်ပညာရှင်များ၏ မျိုးချစ်စိတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် တီထွင်ကြိုးစားအားထုတ်မှုအပေါ် မူတည်နေသည်ကို စွဲမြဲယုံကြည်ထားရမည်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ်ကာလ၏ ကာကွယ်ရေးနှင့် လုံခြုံရေးစနစ်များသည် နည်းပညာစွမ်းရည်မြင့်မားသာလွန်မှုအင်အားပြုသည့် ခေတ်သစ်ကာကွယ်ရေးစနစ်ပြိုင်ပွဲအသွင်ဖြင့် ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်းဖြစ်ကြောင်း၊ အချိန်ကိုက်၊ နေရာကိုက် ကြိုတင်လက်ဦးမှုရယူချေမှုန်းနိုင်ရန် တိကျစွာပစ်ခတ်နိုင်သည့် အဖျက်စွမ်းအားကြီး ခေတ်မီလက်နက်ကိရိယာပစ္စည်းများနှင့် နည်းပညာများပါ ပေါင်းစပ်အသုံးပြုနေကြပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် Globalization ဖြစ်စဉ်နှင့်အတူ မီဒီယာကိုအသုံးပြုပြီး စစ်ဆင်တိုက်ခိုက်မှုများကို ဆောင်ရွက်လာကြသကဲ့သို့ Cyber စစ်ဆင်မှုများကို ရန်သူ မိတ်ဆွေမခွဲခြားဘဲ ဆောင်ရွက်လာကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မီဒီယာစစ်ဆင်မှုသည် တာဝန်ရှိသူများအပေါ်တွင် အကျပ်အတည်းအခက်အခဲများဖြစ်ပေါ်စေပြီး ယုံကြည်မှုကို ကျဆင်းစေကြောင်း၊ **Cyber စစ်ဆင်မှုက အုပ်ချုပ်ရေးယန္တရားကို ကမောက်ကမဖြစ်စေရုံသာမက အတိုက်အခိုက်ခံရသည့် နေရာပေါ်မူတည်ပြီး မမျှော်မှန်းနိုင်သည့် ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်စေတတ်**ခြင်းကြောင့် အတတ်ပညာရှင်များဖြစ်သည့် ရဲဘော်တို့အနေဖြင့် ဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း။

တပ်မတော်၏ စစ်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့် ရဲဘော်တို့သည် မိမိကွပ်ကဲရမည့် လက်အောက်တပ်ဖွဲ့ဝင်များကို မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ ခေါင်းဆောင်မှုအတတ်ပညာသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် အသက်တမျှအရေးကြီးသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်များနှင့် ကမ္ဘာ့**နိုင်ငံများ၏ သမိုင်းဖြစ်စဉ်များတွင်လည်း တိုးတက်ဖြစ်ထွန်းခြင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်း အကြောင်းအကျိုးများကို လေ့လာဆန်းစစ်သည့်အခါ ခေါင်းဆောင်၏ ဦးဆောင်ကွပ်ကဲမှုကောင်းမွန်ခြင်းနှင့် အားနည်းခြင်းတို့အပေါ် ရာနှုန်းပြည့်တည်မှီနေသည်ကို တွေ့ရ**မည်ဖြစ်ကြောင်း။

စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများဖြစ်သော ရုပ်ပိုင်းဆိုင်ရာအားလုံးတောင့်တင်းခိုင်မာလာအောင် ဆောင်ရွက်ရာတွင် အင်ဂျင်နီယာအတတ်ပညာရှင်များသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေသည့်အတွက် အင်ဂျင်နီယာပညာရှင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်များကို ထမ်းဆောင်ရင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် တတ်မြောက်ထားသော ပညာရပ်များကို တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပါ တစ်ထောင့်တစ်နေရာက အသုံးချနိုင်ရန်ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းပီသစွာဖြင့် မှန်ကန်စွာကွပ်ကဲအုပ်ချုပ်၍ အထက်ကပေးအပ်သော အမိန့်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကာ နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသော အင်ဂျင်နီယာအရာရှိကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ်၏ SCIENCE AND TECHNOLOGY EXHIBITION 2014 သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ ထိုပြပွဲတွင် Energy Technology၊ Numeric Control Technology၊ Hydraulic Technology၊ Ship Design and Construction Technology၊ Unmanned Vehicle Technology၊ Control Technology နှင့် Chemical Technology ပြခန်းများ ပြသထားပြီး သက်ဆိုင်ရာနည်းပြများက ပုံစံငယ်များဖြင့် လက်တွေ့သရုပ်ပြကာ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။ (မြဝတီ)

# သက်သေနှင့်ဥပဒေ

ဦးဟန်ညွန့်(ဥပဒေ)

**ရှေ့နေနှင့်သက်သေ**

"အမှုစစ်ရင် စိတ်မတိုရဘူး"ဟု ကျွန်တော့်ဆရာက မှာဖူးသည်။ မနေ့က ကျွန်တော်စိတ်တိုခဲ့သည်။ ဒေါသသံပါခဲ့သည်။ သက်သေကို ဟိန်းဟောက်မေးခဲ့သည်။ "မြင်ပါသည်"ဟု ထွက်ဆိုရမည့် သက်သေက "မမြင်ပါဘူး"ဟု ဘူးကွယ်ထွက်နေသည်။ လုံးဝငြင်းနေသည်။ ရှေ့နေပညာ စစ်ဆင်ရေး နည်းလမ်းစုံဖြင့် ဘယ်လိုမေးမေး ဆန့်ကျင်၍သာဖြေသည်။ နောက်ဆုံးတွင် သက်သေခံဥပဒေ၊ ကျင့်ထုံးဥပဒေများနှင့်အညီ မေး၍အဆုံး သတ်ခဲ့ရသည်။ စိတ်အေးအေးနှင့် ချော့မော့မေးလျှင် လိုသည့် အဖြေရနိုင်သေးသည်။ စိတ်တိုမိ၍၊ ဒေါသထွက်မိ၍၊ ဆန္ဒစော၍ သည်ပွဲမှာ လိုတာ မရဖြစ်ခဲ့ရသည်။ သင်ခန်းစာ ယူစရာပါ။ သက်သေအမျိုးမျိုးကို ရှေ့နေများ ကြုံရ၊ ဆုံရသည်။ မေးရ၊ မြန်းရ၊ ဒေါသဖြစ်ရ၊ ကြည်နူးရသည်မှာ ဓမ္မတာပါ။ တရားရုံးအတွေ့အကြုံများ၏ အချို့အတွေ့အကြုံဖြစ်ပါသည်။ အတွေ့အကြုံများ၏ သင်ခန်းစာလည်းဖြစ်ပါသည်။

**သက်သေခံဥပဒေ**

သက်သေခံဥပဒေသည် တရားရုံးများ၏ အဓိကလက်နက်ဖြစ်သည်။ မည်သို့လိုက်နာသင့်ကြောင်း အခြေခံ အချက်(၇)ချက်ရှိသည်။

(၁) တရားလိုနှင့် တရားပြိုင်၊ နှစ်ဖက်အငြင်းပွားချက်ကဘာလဲ။
(၂) အငြင်းပွားချက်ကို ဆုံးဖြတ်ဖို့ ဘယ်အကြောင်းအရာကို သက်သေပြမှာလဲ။
(၃) ဘယ်နည်းလမ်းနှင့် သက်သေခံထင်ရှားအောင်ပြုမှာလဲ။
(၄) အမှုသည်၏တာဝန်ပခုံးပေါ်မှာ မည်သို့ကျရောက်သလဲ။
(၅) မိမိပြသလိုသော သက်သေကို မည်သို့တင်ပြခွင့်ရှိသလဲ။
(၆) သက်သေကို မည်သို့စစ်မည်လဲ။
(၇) တရားရုံးရှေ့တင်ပြသည့် သက်သေခံချက်များကို မည်သို့ မှတ်ကျောက်တင်သုံးသပ်၊ အကဲဖြတ်မည်လဲ။

ဤ(၇)ချက်ဖြင့် တရားရုံးများက အမှုစစ်ဆေးရာတွင် အခြေခံကြပေသည်။

**သက်သေစစ်မေးခြင်း**

အကြမ်းအားဖြင့် သုံးမျိုးပိုင်းခြားနိုင်ပါသည်။

(၁) အဓိကစစ်မေးခြင်း (Examination in Chief)
(၂) ပြန်လှန်စစ်မေးခြင်း (Cross-examination)
(၃) ပြန်လည်စစ်မေးခြင်း (Re examination)

**အသက်**

သက်သေသည် အမှုတစ်မှု၏ အသက်ဖြစ်ပါ၏။ တရားစစ်ဆေးခြင်း၏ အဓိကမဏ္ဍိုင်လည်းဖြစ်ပါ၏။ သက်သေက မှန်မှန်ကန်ကန် ထွက်ပါမှ တရားနည်းလမ်းကျပါ၏။ အမှန်တရားရပါ၏။ သိလျှင်သိသလို၊ မြင်လျှင် မြင်သလို၊ ကြားလျှင် ကြားသလို ကတိသစ္စာဆိုထားသည့်အတိုင်း မှန်မှန် ကန်ကန်ထွက်ဆိုရန်သင့်ပါ၏။ တရားသီလစောင့်ထိန်းရမည်ဖြစ်ပါ၏။ အကြောင်းအမျိုးမျိုးကြောင့် ဖောက်လွဲဖောက်ပြန်ထွက်ဆိုသော သက်သေများ ရှိငြားအံ့။ အမှန်တရားကွယ်ပျောက်ပါ၏။ သစ္စာတရားပျက်ပြားပါ၏။ နှစ်ဖက်အမှုသည်များ သောကပွားကြရပါ၏။ သို့ဖြစ်၍ သက်သေသည် အမှုတစ်မှု၏ အသက်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပါ၏။

**အဂတိတစ်ပါးပါး**

အဂတိတစ်ပါးပါးကြောင့် လွဲမှားသော စေတနာဖြင့် တရားသစ္စာကို မဖျက်သင့်။ လီဆယ်မထွက်ဆိုသင့်။ လိမ်လည်မထွက်ဆိုသင့်၊ တစ်ဖက်သို့ အသာထိုးမထွက်ဆိုသင့်၊ ဘက်မလိုက်သင့်။ အများပြည်သူ၏ ရှေ့မှောက်တွင် တရားစီရင်နေသည်ဖြစ်သောကြောင့် အများမြင်နေပါ၏။ သတိမမေ့နှင့်။ စီရင်ထုံးအချို့ ကိုးကားဖော်ပြပါရစေ။

**တရားမျှတခြင်းကင်းတတ်သည်**

သက်သေအထောက်အထားကို အမှန်အမှား စိစစ်ချိန်ဆသည့် သက်သေခံဥပဒေကို ကောင်းစွာမလိုက်နာ။ အထောက်အထားကွင်းဆက်စုံလင်သည်၊ မစုံလင်သည်မကြည့်။ သက်သေတို့ကို ယုံထိုက်၊ မယုံထိုက်ကို ကောင်းစွာ မချင့်ချိန်။ တရားခံတို့၏ ခုခံချေပချက်ကို လေးနက်စွာ မစဉ်းစားဘဲ အပြစ်ပေးရန်ကိုသာ စိတ်စော၍ အမှုကိုစစ်ဆေးလျှင် အမှန်တရားကွယ်ပျောက်၍ တရားမျှတခြင်းကင်းတတ်သည်။ (ဦးမောင်မောင်ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မြန်မာနိုင်ငံစီရင်ထုံး၊ ၁၉၆၉၊ စာမျက်နှာ ၁၂)

**ပြင်ပ၌ မှန်/မှား မစဉ်းစား**

ပြင်ပ၌ အမှုမှန်သည်၊ မှားသည်ကို ထည့်သွင်းမစဉ်းစားဘဲ တရားရုံးတော်၏ ရှေ့မှောက်တွင် ထွက်ဆိုသော သက်သေခံချက်များအပေါ်၌မူတည်၍ ၎င်းသက်သေခံချက်များကို ချိန်ဆပြီး တရားခံအား အပြစ်ဒဏ်ချမှတ်ရမည်။ (မောင်ရွှေနှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၀ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၂၄၃)

**ဆန်နှင့်ဆန်ကွဲ ခွဲခြား**

သက်သေခံချက်များကို ချိန်ဆရာ၌ "ဆန်မှ ဆန်ကွဲ"ကို ရွေးချယ်ခွဲခြားသကဲ့သို့ အမှန်ဖြစ်တန်ရာသော စကားနှင့် မမှန်ဖြစ်တန်ရာသောစကားတို့ကို ခွဲခြားကာ မမှန်ရာကိုပယ်၍၊ မှန်ရာကိုယူနိုင်သည်။ အားလုံးကိုယူလိုလည်းယူ၊ မယူလိုက အားလုံးပယ်ရမည်မဟုတ်ချေ။ အမှန်/အမှားကို ခွဲခြား၍ ချိန်ဆရခြင်းသည်ပင် တရားရုံး၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည်။ (မောင်မြင့်ဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၀၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၂၅)

**ယုတ္တိ ယုတ္တာ ရှိ/မရှိ**

သက်သေကထွက်ဆိုတိုင်း သူတစ်ဦးတစ်ယောက်ကို အပြစ်ပေး၍မရ၊ အပြစ်မှလွှတ်၍မရ။ အကြောင်းခြင်းရာနှင့် ယုတ္တိ ယုတ္တာ ရှိ/မရှိ ဟူသော အချက်ကို အခြေခံပြီး စဉ်းစားကာ သက်သေထွက်ဆိုချက်သည် ယုံကြည်ထိုက်၊ မထိုက်စဉ်းစားရာသည်။ သက်သေတစ်ဦးတည်းရှိစေကာမူ ၎င်း၏ ထွက်ဆိုချက်သည် ယုတ္တိ ယုတ္တာရှိသည်။ အကြောင်းခြင်းရာနှင့်ဆီလျော်သည်ဟု ယူဆစရာ အကြောင်းရှိပါလျှင် ယင်းသက်သေတစ်ဦးထွက်ဆိုချက်ကိုပင် အခြေပြု၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ပါသည်။ (ဦးလှမောင်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ တရားရေးစာစောင်၊ အတွဲ(၁)၊ အမှတ်(၁)၊ စာမျက်နှာ ၅)

**ဘယ်လိုပဲ လိမ်လိမ်**

သက်သေလည်းလူပါပဲ။ လူ့သဘာဝ၊ လူ့ဓမ္မတာ လိမ်တာ၊ ညာတာရှိမည်သာ။ အဂတိတရားကင်းစင်ဖို့ ပြောသည့်ကြားက မတရားမှုတွေရှိနေလေသည်။ ဘက်လိုက်မှုတွေ ရှိနေပေမည်။ ဤဖြစ်ရပ်များ၊ ဤမြင်ကွင်းများ ပပျောက်ရေး၊ တရားသစ္စာတည်ရေး ပြည်သူအပေါင်းစုပေါင်း ပညာပေးမှ စိတ်အေးရမည်ဖြစ်သည်။ အချင်းချင်းထိန်းမှ၊ သိမ်းမှ၊ တရားဥပဒေစိုးမိုးရေး အလေးပေးနိုင်မည်။ "ပြည်သူ့နီတိ" ဟူသည် ပြည်သူတွင်းမှာသာရှိသည်။ တရားဥပဒေစိုးမိုးရေးသည်လည်း ပြည်သူအများ၏ စောင့်ထိန်းမှုတွင် အခြေခံသည်။ ဘယ်လိုပဲ တရားရုံးရှေ့တွင် လိမ်လိမ်၊ ထိုသက်သေလိမ်သည် တရားဥပဒေ၏ အဆုံးအမကို ခံယူရစမြဲသာဖြစ်ပေ၏။ နောက်ဆုံးအမှန်တရား ထွန်းကားရစမြဲသာဖြစ်ပါပေ၏။ သက်သေလိမ်နှင့်တွေ့၍ ပြောမှား၊ ဆိုမှား၊ ဒေါသပွားခဲ့သူသည် ကျွန်တော်ဖြစ်ပါ၏။ သံဝေဂရမိပါ၏။

**သင်ခန်းစာ**

(၁) သက်သေလိမ်နှင့်တွေ့ရ၍၊ ဒေါသမပွားသင့်။
(၂) ဒေါသပွားသော ဦးရှေ့နေ၊ နောင်ကို ဆင်ခြင်စေ။
(၃) တရားဥပဒေအဆုံးအမ၊ သက်သေလိမ်မှာ အပြစ်ကျ။

## မြန်မာ-အိန္ဒိယနှစ်နိုင်ငံပူးပေါင်းမှုဖြင့် သုံးနိုင်ငံအဝေးပြေးလမ်းပေါ်ရှိ လမ်းတံတားများ ၂၀၁၆ ခုနှစ်အပြီး အဆင့်မြှင့်တင်မည်

**တမူး ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ နှစ်နိုင်ငံ ညှိနှိုင်း၍ ပူးပေါင်းသဘောတူညီချက်အရ အိန္ဒိယနိုင်ငံက တည်ဆောက်ရန် သဘောတူထားသည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမကြီးရှိ လမ်းတံတားများအား ၂၀၁၆ ခုနှစ်အပြီး အဆင့်မြှင့်တင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာ-ယာကြီး-ကလေး-ကလေးဝ-တမူး ကားလမ်းပိုင်းသည် မြန်မာ၊ အိန္ဒိယ၊ ထိုင်းသုံးနိုင်ငံအဝေးပြေးလမ်းမကြီးဖြစ်ရာ ၂၀၁၃ ခုနှစ်မှစတင်၍ အဆိုပါလမ်းပိုင်းမှ တံတား ၆၃ စင်းကိုလည်း ဒေသခံများသွားလာရလွယ်ကူစေရေးအတွက် တံတားဆောက်လုပ်ရေးအထူးအဖွဲ့နှစ်ဖွဲ့ကကြံ့ခိုင်မှုအားနည်းသောတံတားများကို ခံဝန်အားကောင်းစေရန် တစ်လွှာမှ နှစ်လွှာအဖြစ် ထပ်မံပိုးခြင်း၊ သံထည်အစိတ်အပိုင်းများ အသစ်လဲလှယ်ခြင်း၊ သံမဏိကြမ်းခင်းများ ပြည့်စုံစေရန် ခင်းခြင်း၊ သစ်သားကြမ်းခင်းများ ပြန်လည်ခင်းခြင်းဖြင့် ပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်မည့် တံတား ၇၁ စင်းအား အမေရိကန်ဒေါ်လာ ၂၄၅ သန်းအကုန်အကျခံကာ ၂၀၁၆ ခုနှစ်တွင် အပြီးအဆင့်မြှင့်တင်သွားရန် နှစ်နိုင်ငံအစိုးရမှ စီစဉ်နေပြီး ယခုလက်ရှိ ကလေး-ကလေးဝလမ်းပိုင်းရှိ ဝါးရဲချောင်းတံတားနှင့် ရေနံချောင်းတံတားတို့အား နှစ်လမ်းသွားကွန်ကရစ်တံတားအဖြစ်အဆင့်မြှင့်တင်ပြီးဖြစ်သည့်အပြင် မြေသားလမ်းအတွက် အိန္ဒိယအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ချင်းတွင်းသား)**

## မန္တလေး Mobile Team သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးဆိပ်ကမ်းနယ်မြေနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး) နယ်မြေတို့၌ နိုဝင်ဘာ ၁ ရက်မှစ၍ Mobile Team အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေး Mobile Team ဆိပ်ကမ်းနယ်မြေမှ စစ်ဆေးရေးအဖွဲ့စုံသည် ဒီဇင်ဘာ ၆ ရက်ညနေပိုင်းတွင် မန္တလေးရွှေကြက်ယက်ဆိပ်ကမ်း၌ ကျောက်မီးသွေးတင်ဆောင်သည့် အလင်းရောင်ရေယာဉ်အား စစ်ဆေးရာ ရေယာဉ်ဝမ်းဗိုက်အတွင်း၌ သို၀ှက်သယ်ဆောင်လာသော အင်အမျိုးအစား သစ်ခွဲသားဆိုဒ်စုံ ၅၇၃ ချောင်း တန်ချိန် ၁၉ ဒသမ ၆၀၉၂ တန်၊ ခန့်မှန်းတန်ဖိုး ၈၂၃၅၈၆၄ ကျပ်အားသိမ်းဆည်းရမိခဲ့သည်။

နိုဝင်ဘာလအတွင်း မန္တလေးဆိပ်ကမ်းနယ်မြေ Mobile Team အဖွဲ့မှ ကျွန်းသစ်နှင့်သစ်မာ သိမ်းဆည်းရမိအမှုတွဲ သုံးမှုမှ ကျွန်းသစ်နှင့်သစ်မာ သစ်လုံးသစ်ခွဲသား ဆိုဒ်စုံ ၂၈၁၆ ချောင်း၊သစ်လုံး ၅၅ လုံး တန်ချိန်ပေါင်း ၅၉ ဒသမ ၉၃၁၆ တန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၄၃၁၈၈၈၁၃





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (မြဝတီ)

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။
- ☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရ ငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇)သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် သဘင်ဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ထူးခြားသည့်အခြေအနေ

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း"ဟာဂူပစ်" (HAGUPIT)သည် အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက် (၁၁၅)မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိသည်။ **(ကြေးမုံ)**

## (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား(နေပြည်တော်)သို့ တက်ရောက်သတင်းရယူလိုသူများ မှတ်ပုံတင်ခြင်း စတင်ပြုလုပ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား(နေပြည်တော်)သို့ တက်ရောက်သတင်းရယူလိုသူများသည် ပြန်ကြားရေးဝန်ကြီးဌာန Webportal www.moi.gov.mm ဘယ်ဘက် Side Bar ရှိ "ဗိုလ်ရှုခံအခမ်းအနား" ခါတ်ပုံအားနှိပ်၍ http://moimm.info/moimrf4jan 2015/ လိပ်စာရှိ Registration Form တွင် စာရင်းသွင်းမှတ်ပုံတင်နိုင်ပြီဖြစ်သည်။

မှတ်ပုံတင်ရာတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် မှတ်ပုံတင်နိုင်ပြီး မြန်မာဘာသာဖြင့် မှတ်ပုံတင်လိုပါက Myanmar 3 Font ဖြင့် မှတ်ပုံတင်ရမည်ဖြစ်သည်။ မှတ်ပုံတင်ရာတွင် ဖြည့်သွင်းရမည့်အချက်များမှာ- အမည်၊ အခြားအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ပညာအရည်အချင်း၊ လူမျိုး/ ဘာသာ/အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးဖွားရာဇာတိ၊ အဘအမည်၊ ခင်ပွန်း/ဇနီးအမည်နှင့် မှတ်ပုံတင်နံပါတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်/အီးမေးလ်လိပ်စာ စသည့်အချက်အလက်များအား မှန်ကန်စွာဖြည့်သွင်းပြီး File Size 2 MB ထက်မကြီးသောပတ်စ်ပို့ဓါတ်ပုံအား Attachment တွဲရမည်ဖြစ်သည်။ ထို့နောက် မိမိတို့တွေ့မြင်ရသည့် Capture Letter (အပြာရောင်စာလုံး)အား Textbox တွင် မှန်ကန်စွာဖြည့်စွက်ပြီး Submit ကို နှိပ်ပါက Registration ပြုလုပ်ခြင်း ပြီးဆုံးမည်ဖြစ်သည်။

**Registration ပြုလုပ်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထားဆောင်ရွက်ရမည် ဖြစ်သည်။** မိမိတို့ပေးပို့လိုက်သည့် Media Registration Form ရောက်ရှိခြင်း ရှိ၊ မရှိအား ဖုန်းနံပါတ် ၀၆၇-၄၁၂၂၀၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြသည်။ **(သတင်းစဉ်)**

# ဂျပန်၊ တရုတ်၊ ပြင်သစ်၊ အမေရိကန်နှင့် စင်ကာပူ ကုမ္ပဏီငါးခု သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်စတင်ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

သီလဝါအထူးစီးပွားရေးဇုန်၌ ဂျပန်၊ တရုတ်၊ ပြင်သစ်၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံတို့မှ ကုမ္ပဏီငါးခုအား စီးပွားရေးလုပ်ငန်းများ စတင်လည်ပတ်လုပ်ကိုင်နိုင်ရန် ခွင့်ပြုမိန့်များ ရရှိခဲ့ကြောင်းသိရသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ယာယီရုံးခန်း၌ ဒီဇင်ဘာ ၁၂ ရက်က ခွင့်ပြုမိန့်လက်မှတ်များကို အထူးစီးပွားရေးဇုန် ဥပဒေပုဒ်မ ၁၁(ဂ) နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၄ အခန်း(၂)နှင့်အညီ စတင်ထုတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံရန် အဆိုပြုချက်တင်ပြထားသည့် ကုမ္ပဏီပေါင်း ၃၁ ခုရှိသည့်အနက် ဂျပန်နိုင်ငံ Koyaorad (Myanmar) Corporation Co;Ltd၊ တရုတ်နိုင်ငံ Lu Thai Textile Co;Ltd၊ ပြင်သစ်နိုင်ငံ Thilawa Semant Building Materials LTD၊ အမေရိကန်နိုင်ငံ Ball Asia Pacific(Yangon) Metal Cantainer Limited နှင့် စင်ကာပူနိုင်ငံ Foster Electric(Thilawa) Co;Ltd တို့မှ လုပ်ငန်းစတင်ရန် ခွင့်ပြုမိန့် စတင်ရရှိခဲ့ခြင်းဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်က "လာရောက်ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီနဲ့ စက်ရုံတိုင်းကို လုပ်ငန်းလုပ်ကိုင်ခွင့်မပြုပါဘူး။ စက်ရုံတွေက ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုရှိရင်၊ ပြီးရင် ထုတ်ပိုးမှုလောက်ပဲ ဒီမှာလာလုပ်ပြီး ကိုယ့်နိုင်ငံအတွက် အကျိုးမရှိတဲ့ စက်ရုံတွေဆိုရင် လက်မခံဘူး" ဟုပြောသည်။

အဆိုပါ ကုမ္ပဏီများသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်း၌ Radiator ထုတ်လုပ်ခြင်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဘိလပ်မြေသိုလှောင်ခြင်း၊ ထုတ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း၊ စတီးနှင့် အလူမီနီယံ၊ အချိုရည်ဘူးများ ထုတ်လုပ်သည့် လုပ်ငန်းနှင့်စပီကာ၊ ဟန်းဖုန်း၊ အသံပိုင်းဆိုင်ရာ လျှပ်စစ်ပစ္စည်းနှင့် အခြားဆက်စပ်ပစ္စည်းများကိုထုတ်လုပ်ကာ နိုင်ငံတကာသို့ တင်ပို့ခြင်းနှင့် ပြည်တွင်း၌ ဖြန့်ချိခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီယာယီရုံး၌ကျင်းပသည့် ခွင့်ပြုမိန့်ပေးအပ်ပွဲအခမ်းအနားမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)၌ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကုမ္ပဏီပေါင်း ၃၁ ခုက ရင်းနှီးမြှုပ်နှံရန် အဆိုပြုချက်တင်ပြထားသည်။ ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီပေါင်း ၁၄ ခုဖြင့် အများဆုံးပါဝင်နေပြီး တရုတ်(တိုင်ပေ)မှ ကုမ္ပဏီ သုံးခု၊ မြန်မာကုမ္ပဏီ သုံးခု၊ စင်ကာပူ နှစ်ခု၊ အမေရိကန်နိုင်ငံမှ တစ်ခု၊ ဥရောပမှ တစ်ခု၊ ဩစတြေးလျမှ တစ်ခုနှင့် ဟောင်ကောင်မှ တစ်ခုတို့ပါဝင်သည်။ ဂျပန်နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၄ ခုမှ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က)တစ်ခုလုံး၏ ၄၄ ဒသမ ၈ ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသည်။

"အခုဆိုရင် Lu Thai က ဒီဇင်ဘာနောက်ဆုံးပတ်မှာ စတင်ဆောက်လုပ်မယ်။ Koyaorad လည်း စဆောက်တော့မယ်။ သူတို့ရဲ့ရည်မှန်းချက်က ၂၀၁၅ ဇူလိုင်၊ ဩဂုတ်မှာ လုပ်ငန်းစတင်လည်ပတ်ဖို့ရှိတယ်။ သီလဝါစီးပွားရေးဇုန်မှာ ရေပေးဝေဖို့ ဇာမဏီဆည်ကနေ ပေးသွားမှာဖြစ်ပြီး နောက်ပိုင်းမှာ လိုသလောက် ထပ်ပေးမယ်လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြောထားတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံမှုတွေက ခန့်မှန်းထားတာထက် ပိုလာတာတွေ့ရပါတယ်။" ဟု စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းသန်းသွယ်က ဆိုသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် Myanmar-Japan Thilawa Development Ltd. တို့သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က နေပြည်တော်၌ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုဆန့်ကျင်ခြင်း သဘောတူညီချက် ကတိကဝတ်ကို လက်မှတ်ရေးထိုးထားသည်။ သီလဝါအထူးစီးပွားရေးဇုန်၌ လုပ်ငန်းအခြေချရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီများအနေဖြင့်လည်း လာဘ်ပေးလာဘ်ယူမှုများတွင် ပါဝင်ပတ်သက်ခြင်းမရှိစေရန် ကတိပြုလက်မှတ်များ ရေးထိုးရမည်ဖြစ်ကြောင်း ယနေ့ပြုလုပ်သော အခမ်းအနားမှ သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်**

## ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးရန် အသိပညာပေး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက် လူကုန်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း မြို့နယ်အဆင့်အသိပညာပေးဆွေးနွေးပွဲနှင့် ဆေးတိုက်အဖွဲ့ဝင်များအား သင်တန်းပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် အမျိုးသမီးဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီသော်၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ခင်သန်းဦးနှင့် မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁)ဒေါ်ညိုညိုစမ်းတို့က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးခြင်း အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာများ၊ ဆေးတိုက်အဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေသန္တာ(ဗဟန်း)**

# ပြည်တွင်းရေးရာ

○ **ရွှေဖုံးမှ**

အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့ အပေါ် အခြေပြုပြီး အနှစ်သာရပြည့်ဝသည့် အောင်မြင်မှု၊ တိုးတက်မှုများနှင့်အတူ ရင့်ကျက်လာသည်ကို မြင်တွေ့ရသည့်အတွက် အားရမိပါကြောင်း၊ ယခုနှစ်သည် ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံဒေသတွင်းဖိုရမ်ကို ဝင်ရောက်ခဲ့သော နှစ်(၂၀)ပြည့်အထိမ်းအမှတ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ဝင်ရောက်ခဲ့သော (၁၀)နှစ်ပြည့် အထိမ်းအမှတ်တို့နှင့် တိုက်ဆိုင်နေသည့်အတွက် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးတွင် ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

ထိပ်သီးအစည်းအဝေး၏ဆောင်ပုဒ်နှင့်အညီ "ယုံကြည်မှုတည်ဆောက်ခြင်း၊ ပျော်ရွှင်မှုဖော်ဆောင်ခြင်း"တို့၏ အရေးပါမှုကို အလေးအနက်ထားရန် ပြောကြားလိုပါကြောင်း၊ ယုံကြည်မှုသည် ငြိမ်းချမ်းရေးအတွက် အဖိုးတန်ပြီး ရေရှည်တည်တံ့သည့်ပျော်ရွှင်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်ပါကြောင်း။




**အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

မိမိအနေဖြင့် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုင်ရာ အာဆီယံ-ကိုရီးယား မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေညာချက်နှင့် ၎င်း၏ ၂၀၁၁-၂၀၁၅ ခုနှစ် လုပ်ငန်းအစီအစဉ်တို့ကို အပြည့်အဝ အကောင်အထည်ဖော်ရန် ထပ်လောင်းကတိကဝတ်ပြုရမည်ဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းအစီအစဉ်သည် မကြာမီကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ၂၀၁၆-၂၀၂၀ ခုနှစ် လုပ်ငန်းအစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်ပြီး မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၂၀ ခုနှစ်၌ အာဆီယံ-ကိုရီးယားကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ပြည့်မီရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းအားထုတ်မှုကို နှစ်ဆမြှင့်တင်သွားရမည်ဖြစ်ပါကြောင်း။

မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းစေရန်၊ ဒေသတွင်း ပေါင်းစည်းဆက်နွှယ်မှုမြှင့်တင်ရန်၊ စီးပွားရေးပေါင်းစည်းမှုနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးတို့တွင် အရေးပါသည်ဟု ခံယူပါကြောင်း။

အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့် အာဆီယံပေါင်းစည်းဆက်နွှယ်ရေးတို့နှင့်ပတ်သက်၍ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့သည် အာဆီယံပေါင်းစည်းဆက်သွယ်ရေးမဟာစီမံကိန်း အကောင်အထည်ဖော်ရန် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ရှာဖွေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကျေနပ်အားရမိပါကြောင်း။

ပညာရေးသည် အနာဂတ်မျိုးဆက်သစ်များအတွက် အရေးကြီးသည့်ကိစ္စဖြစ်သည့်အတွက် မိမိအနေဖြင့် အာဆီယံနှင့် ကိုရီးယားနိုင်ငံအကြား ပညာရေးဖလှယ်မှုအစီအစဉ်များကို မြှင့်တင်သွားရန် တိုက်တွန်းလိုပါကြောင်း။

အာဆီယံ-ကိုရီးယား မဟာဗျူဟာကျသည့် မိတ်ဖက်ပြုမှုထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏ စိုးရိမ်မကင်းဖြစ်ရသည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် မိမိတို့၏ တူညီသည့် အကျိုးစီးပွားဖြစ်သော ဒေသတွင်းအေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အတူတကွ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်မှုတစ်ဆင့် ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက်အာရှတွင် ရေရှည်အေးချမ်းသာယာရေးနှင့် ပူးပေါင်းဆောင်ရွက်ရန်ရည်ရွယ်သည့် ကိုရီးယားနိုင်ငံ၏ ကိုရီးယားကျွန်းဆွယ်ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် အရှေ့မြောက်အာရှ အေးချမ်းသာယာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုကို ကြိုဆိုအားပေးပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ထိပ်သီးအစည်းအဝေး ဒုတိယပိုင်းကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်မိန့်ခွန်းပြောကြားကာ သမားရိုးကျ မဟုတ်သော လုံခြုံရေးဆိုင်ရာနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် နိုင်ငံတော်သမ္မတက အဖွင့်မိန့်ခွန်းပြောကြားရာ၌ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို အားလုံးစိုးရိမ်မကင်းဖြစ်မှုများမှ အရေးတကြီးဖြေရှင်းရန် လိုအပ်နေပါကြောင်း။

အာရှ-ပစိဖိတ်ဒေသသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို များစွာခံစားနေရပါကြောင်း၊ နေပြည်တော်တွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံ၏ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို လည်းကောင်း၊ (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၌ သဘာဝဘေးအန္တရာယ် လျင်မြန်စွာတုံ့ပြန်မှုဆိုင်ရာ အရှေ့အာရှ ထိပ်သီးအစည်းအဝေးလမ်းညွှန်ချက်ကို လည်းကောင်း၊ တတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၌ အာဆီယံ-အမေရိကန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို လည်းကောင်း ထုတ်ပြန်ခဲ့ပါကြောင်း။

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မှုကြေညာချက်တွင် ပါရှိသည့်အတိုင်း ဤဒေသကို သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိသည့် လူမှုအသိုက်အဝန်းတစ်ခုအဖြစ် အမြန်ဆုံးတည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ၏အာဆီယံဥက္ကဋ္ဌ တာဝန်ယူချိန်တွင် ဦးစားပေးကဏ္ဍတစ်ရပ်လည်း ဖြစ်ပါကြောင်း။

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုညှိနှိုင်းရေးဗဟိုဌာန၏ လုပ်ငန်းအပြည့်အဝ လည်ပတ်ရေးအတွက် နည်းပညာအကူအညီပေးရန် ကိုရီးယားနိုင်ငံအား တိုက်တွန်းလိုပါကြောင်း၊ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့သည် ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များသည် မိမိတို့အားလုံးကို ခြိမ်းခြောက်နေသည့်အတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး စဉ်းစားကြရန် လိုပါကြောင်း။

အစွန်းရောက်အကြမ်းဖက်မှုသည် ဒေသတွင်းနှင့် ကမ္ဘာ့အသိုက်အဝန်း၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့ကို ခြိမ်းခြောက်လာသည့်အတွက် အတူတကွပူးပေါင်းပြီး ဖြေရှင်းသွားရန် အရေးပေါ်လိုအပ်နေပါကြောင်း၊ အီရတ်နှင့် ဆီးရီးယားတို့တွင်ရှိသည့် အစွန်းရောက်အကြမ်းဖက် အဖွဲ့အစည်းများက ကျူးလွန်နေသည့် အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို နိုင်ငံအားလုံးက အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်အညီ ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ရန် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၌ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထိပ်သီးအစည်းအဝေးအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုရီးယားသမ္မတ မဒမ် ပတ်ဂွန်ဟေးတို့သည် ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသော Special Exhibition on Public Governance ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Nurimaru APEC House ၌ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မဒမ် ပတ်ဂွန်ဟေး တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့သည် ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး အာဆီယံ-ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အချက်များ၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

---

❁ **ပန်းဆိုးတန်းမှ**

အတက်အဆင်းပြုလုပ်ရန်ပေးထားသော စက်လှေကားနှစ်စင်းကို စစ်ဆေးကြကာ ဒလသင်္ဘောစီးခရီးသည်များအား တံတားဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဖွင့်ပွဲကိုရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်ပေးလိုက်သော ပန်းဆိုးတန်းလူကူးခုံးကျော်တံတားသည် ရန်ကုန်မြို့၌ တည်ဆောက်ထားသော လူကူးခုံးကျော်တံတားများအနက် အရှည်ဆုံးတံတားတစ်စင်းဖြစ်သည့်အပြင် ဒလ-ရန်ကုန် သက်ကြီးရွယ်အိုခရီးသွားပြည်သူများ အခက်အခဲမရှိစေရန်နှင့် ယာဉ်အန္တရာယ်ကင်းစေရန်အတွက် စက်လှေကားနှစ်စင်းနှင့် ရိုးရိုးလှေကားသုံးစင်းတို့ကို တပ်ဆင်ထားသည်။ အဆိုပါစက်လှေကားနှစ်စင်းသည် နံနက်ပိုင်း ဒလမှ ရန်ကုန်သို့အလာခရီးသည်များအတွက် စက်လှေကားအတက်နှင့် အဆင်းကို တစ်ပြိုင်တည်းအသုံးပြုနိုင်ပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မှ ဒလသို့ အပြန်ခရီးသည်များအတွက် အတက်နှင့်အဆင်းကို ပြောင်းလဲအသုံးပြုသွားမည်ဖြစ်သည်။

အဆိုပါ လူကူးခုံးကျော်တံတားသစ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၄ ခုနှစ် ဧပြီ ၃၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည်မှာ ၂၁၁ ပေ၊ လူသွားလမ်းအကျယ် ၁၀ ပေ ခြောက်လက်မ၊ တံတားအောက်ယာဉ်ကင်းလွတ်မှုမှာ ၁၉ပေ ရှစ်လက်မရှိကြောင်းသိရသည်။ ပန်းဆိုးတန်းနှင့်နန်းသီတာဆိပ်ကမ်းတို့ ဆက်သွယ်ထားသော လူကူးခုံးကျော်တံတားကို YCDC မှ အများပြည်သူများအတွက် တည်ဆောက်ပေးနိုင်ခြင်းကြောင့်နေ့စဉ်နံနက် ၅ နာရီမှည ၉ နာရီအထိ ရန်ကုန်-ဒလ ကူးတို့သင်္ဘောစီးခရီးသွားပြည်သူ ၃၀၀၀၀ ကျော်အတွက် ယာဉ်အန္တရာယ်ကင်းရှင်းမှု ရရှိသကဲ့သို့ ရန်ကုန်မြို့၏ ကုန်စည်စီးဆင်းမှုနှင့် ကမ်းနားလမ်းယာဉ်ကျပ်တည်းမှုများကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

YCDC သည်ရန်ကုန်မြို့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ လာရောက်ကြသော ခရီးသွားရဟန်းရှင်လူပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် တည်ဆောက်ဆဲ မင်္ဂလာဒုံပြည်လမ်း အောင်ဆန်း သူရိယလှသောင်းကျောင်းရှေ့နှင့် ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့် စူပါမားကတ်ရှေ့ လူကူးခုံးကျော်တံတားများကိုလည်း မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

---

❐ **မြန်မာအပါအဝင်မှ**

လျှောက်ထားခြင်းကို ၇၂ နာရီအတွင်း အီးမေးလ်မှတစ်ဆင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ဗီဇာလျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များအရ သိရသည်။

ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအနေဖြင့် အိန္ဒိယနိုင်ငံသို့ လာရောက်သော ခရီးစဉ်များတွင် အလည်အပတ်ခရီး၊ စီးပွားရေးခရီး၊ ကာလတိုဆေးကုသမှုခံယူရန်နှင့် ဆွေမျိုးမိတ်ဆွေများနှင့်တွေ့ဆုံရန် စသည်ဖြင့် အမျိုးမျိုးရှိပြီး ခရီးစဉ်အတွက် လျှောက်ထားသူသည် အွန်လိုင်းမှ ပြန်လည်ပေးပို့လာသောဖိုင်ကို print ထုတ်ယူရမည်ဖြစ်သည်။

ယင်းအွန်လိုင်းဗီဇာဖြင့် အိန္ဒိယနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ် ကိုးခုဖြစ်သော Bangalore,Channai, Cochin,Delhi,Goa,Hyderabad,Kolkata,Mumbai နှင့် Thiruvananthapuram တို့တွင် လာရောက်သူ၏ Biometric data ရယူမည်ဖြစ်ကြောင်းသိရသည်။ အွန်လိုင်းဗီဇာလျှောက်ထားခြင်းကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ဖော်ပြပါဝက်ဘ်ဆိုက်ကို စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်းသိရသည်။

**(မိုးသူဇာစိုး)**

**စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့**

# ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုနှင့် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုအတွက် အဓိကကျ

နေပြည်တော် ဒီဇင်ဘာ ၁၂

**ဒုတိယသမ္မတဦးညဏ်ထွန်းသည် ယမန်နေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများ စွန့်လွှတ်လွှဲပြောင်းမြေလက်ခံခဲ့သူများအား တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးမဲ့ဖြစ်နေသည့် သိမ်းဆည်းမြေများကို ဆိုင်ရာသိမ်းဆည်းသည့်ဌာနနှင့် အဖွဲ့အစည်းများက ပြန်လည်စွန့်လွှတ်စေပြီး မူလမြေအသုံးချပိုင်ခွင့်ရှိသူများထံ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်လွှဲပြောင်းပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊

လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရန်အတွက်မူ ဌာနဆိုင်ရာတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် စိစစ်ပြီး ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို လုံလောက်သည့်ကာလအပိုင်းအခြားသတ်မှတ်၍ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ရှင်းလင်းဆောင်ရွက်မှုများ ဆောလျင်စွာ ပြီးပြတ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအသီးသီးက ကာယကံရှင်ပြည်သူများနှင့် အမြဲမပြတ် တိုက်ရိုက်ထိတွေ့ဖြေရှင်းပေးရန် ဖြစ်ပါကြောင်း၊ ကော်မတီများ၊ စွမ်းဆောင်ရည်အားနည်းမှုကြောင့် မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုများ၊ လူထုအားမလိုအားမရဖြစ်မှုများကို မဖြစ်ပွားရလေအောင် အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု ရေတိုရေရှည်စီမံကိန်းများချမှတ်၍ ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များအကြား ဆက်စပ်ဆောင်ရွက်စေလျက်ရှိရာ ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုနှင့် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုအတွက် အဓိကကျပါကြောင်း။

သတင်းအချက်အလက်များကို လူထုအတွင်း လွတ်လပ်စွာစီးဆင်းစေခြင်းဖြင့် လုပ်ငန်းစဉ်များအပေါ် လူထုယုံကြည်မှု၊ ဝေဖန်အကြံပြုမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိလာစေရေးကြိုးပမ်းသွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု၊ တိုင်းဒေသကြီးအတွင်း မြေယာပိုင်ဆိုင်မှုဆိုင်ရာ တိုင်ကြားစာများနှင့် ယင်းကိစ္စရပ်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေယာကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဥပဒေအကြောင်းအရာ၊ လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသော မြေယာလက်ဝယ်အရောက် ပြန်လည်လက်ခံရရှိခဲ့သည့် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းဖြစ်သည့် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းသို့ရောက်ရှိပြီး ကုန်သွယ်ရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတအား ရှင်းလင်းဆောင်တွင် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးစခန်းအတွင်း ကုန်စည်ဖြတ်သန်းစီးဆင်းမှု၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုန်စည်စီးဆင်းမှုများအပေါ် အခွန်ကောက်ခံဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးဟံစိန်တို့က ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထီးခီး (အလယ်စတို)စခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ထီးခီးဒေသသည် ကောင်းမွန်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီး လမ်းပန်းဆက်သွယ်ရေးလည်း ချောမွေ့ကောင်းမွန်ပါကြောင်း။

ယခုဒေသအတွင်း ဖောက်လုပ်ထားသည့်လမ်းမကြီးသည် တစ်ဖက်နိုင်ငံသို့တိုင် ရောက်ရှိပြီးဖြစ်သည့်အတွက် ဖွံ့ဖြိုးရေးတံခါးပေါက်အနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ရာ ယင်းအခွင့်အလမ်းပေါ်တွင် အကျိုးရှိရှိအသုံးချသွားရန် လိုအပ်ပါကြောင်း၊ ရေတိုအားဖြင့် အလုပ်သမားများများ အသုံးပြုရသည့် စက်ရုံများတည်ဆောက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ဖန်တီးပေးကြရန်ဖြစ်ပါကြောင်း၊ မြေဧကအနည်းငယ်အသုံးပြုကာ အလွယ်တကူစတင်ထူထောင်နိုင်မည့်လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ဒေသအတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဒေသအတွင်းရှိ သွေးချင်းညီအစ်ကိုမောင်နှမများအတွက် တင့်တောင့်တင့်တယ် အလုပ်အကိုင်အခွင့်အလမ်းများကို မိမိတို့အနေဖြင့် ဖန်တီးပေးလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိမိနေရာဒေသမဟုတ်ဘဲ တစ်ဖက်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများသည်လည်း ရရှိမည့်အခွင့်အရေးချင်းတူညီမည်ဆိုပါက မိမိနိုင်ငံသို့ပြန်၍သာ အလုပ်လုပ်ကြမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ရေတိုအားဖြင့် အဆိုပါအလုပ်အကိုင်အခွင့်အလမ်းများကို မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးလိုပါကြောင်း။

ရေရှည်အတွက် ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် နှစ်တို၊ နှစ်ရှည်စီမံချက်များ ချမှတ်ကာ တစိုက်မတ်မတ် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဤဒေသတွင် ဖွံ့ဖြိုးတိုးတက်ရေးအခြေခံကောင်းများ ရှိပြီးဖြစ်ရာ ဖော်ထုတ်အသုံးပြုနိုင်မည့် စွမ်းရည်ဗီဇများလည်း ပေါ်ပေါက်လာစေရန် အားထုတ်ကြိုးပမ်းသွားကြမည်ဆိုပါက မဖြစ်နိုင်စရာမရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုများ ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးသည် ကျောထောက်နောက်ခံအဖြစ် မဖြစ်မနေလိုအပ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် ဒင်္ဂါးတစ်ချပ်၏ ခေါင်းနှင့်ပန်းပင် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေရှည်တည်ငြိမ်အေးချမ်းသည့် ဒေသကြီးအဖြစ် ပေါ်ပေါက်လာစေရန် ဝိုင်းဝန်းဆောင်ရွက်သွားရေးကို တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထီးခီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာမှုများ၊ နယ်စပ်ဝင်/ထွက် ဂိတ်များတွင် တာဝန်ချထားမှု၊ ပို့ကုန်/သွင်းကုန်အခြေအနေနှင့် နယ်စပ်ဖြတ်သန်းခန့်မှန်းထားများ၊ လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက တိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာမှု၊ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသအတွင်းရှိ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံသားများ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့သို့ ရောက်ရှိခဲ့ပြီး ကျွန်းစုမြို့နယ် ဆိပ်ခံတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် ကတ္တလူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး ဖွံ့ဖြိုးမှုလုပ်ဆောင်ချက်များကို ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်အဆင့်မြှင့်တင်ရေးနှင့် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းဆောင်ယိုယွင်းပျက်စီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မွမ်းမံပြင်ဆင်ရေးအတွက် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အောင်တော်မူသာသနာ့ရိပ်သာကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒောဘာသအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

# မြန်မာအသင်းများနှင့် တိုကျိုတက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲများပြီးဆုံး

သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာအသင်းများနှင့် ဂျပန်နိုင်ငံမှ တိုကျိုတက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ရောဝတီအသင်းမှာ သရေပွဲကြုံတွေ့ခဲ့ပြီး နည်းပညာတက္ကသိုလ်ညွန့်ပေါင်းအသင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**(ပထမပွဲ)**
**ရောဝတီ-တစ်ဂိုး**
**တိုကျိုတက္ကသိုလ်(က)-တစ်ဂိုး**

MNL ကလပ်ရောဝတီအသင်းမှာ ယခုပွဲကို အရှုံး/အနိုင်ရလဒ်ထက် နည်းပြချုပ်သစ် မာဂျန်က ကစားကွက်နှင့် ကစားသမားများ၏ ခြေစွမ်းပိုင်းကို အဓိကစမ်းသပ်ခဲ့သည်။ ရောဝတီအသင်းမှာ နိုင်ငံခြားသားကစားသမားရှစ်ဦးအပါအဝင် ကစားသမားအားလုံးကို လူစားလဲအသုံးပြုသွားခဲ့သည်။ တိုကျိုတက္ကသိုလ်(က)အသင်းက ၁၂ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့ပြီး ဟာနာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရောဝတီအတွက် ချေပဂိုးကို ၂ မိနစ်တွင် ပင်နယ်တီမှ ပွန်ဘာကသွင်းယူပေးခဲ့သည်။

**(ဒုတိယပွဲ)**
**တိုကျိုတက္ကသိုလ်(ခ)-ငါးဂိုး**
**နည်းပညာတက္ကသိုလ် ညွန့်ပေါင်း-တစ်ဂိုး**

တိုကျိုတက္ကသိုလ်(က)အသင်းနှင့် (ခ) အသင်းမှာ ဒီဇင်ဘာ ၁၁နှင့် ၁၂ ရက်တို့တွင် ခြေစမ်းပွဲလေးပွဲယှဉ်ပြိုင်ကစားခဲ့ရာ သုံးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။



ရောဝတီအသင်းဘက်သို့ တိုကျိုတက္ကသိုလ်(က)အသင်း ဂိုးသွင်းရန်ကြိုးပမ်းနေစဉ်။

## ရေနွေးငွေ့စက်ခေါင်းအထူးရထား ပုဂံ-ကျောက်ပန်းတောင်း လမ်းပိုင်းခရီးစဉ်ဖွင့်

**ပုဂံ ဒီဇင်ဘာ ၁၂**

ညောင်ဦး(ပုဂံ)ဒေသ၌ ဒေသတွင်းခရီးသွားဧည့်သည်များ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ ရထားစီးနင်းမှု အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မြန်မာ့မီးရထားနှင့် မင်္ဂလာရှုခင်းကုမ္ပဏီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ရေနွေးငွေ့စက်ခေါင်း အထူးရထား ပုဂံ-ကျောက်ပန်းတောင်းလမ်းပိုင်း ခရီးစဉ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ပုဂံဘူတာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အမှာစကားပြောကြားရာ၌ ခရီးသွားလုပ်ငန်းများတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ရထားဖြင့် သွားလာမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ရာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ရထားစီးနင်းမှု အဆင်ပြေချောမွေ့စေရန်အတွက် ပုဂံ- မန္တလေးပြေးဆွဲနေသည့် အဆန်နှင့် အစုန်ရထားများကို RBE အတွဲလေးတွဲပါ တွဲဆိုင်းများဖြင့် အသစ်လဲလှယ်ပြေးဆွဲပေးလျက်ရှိပြီး ပုဂံ-ရန်ကုန် အဆန်နှင့် အစုန်ရထားကိုလည်း ပခုက္ကူထိ တိုးချဲ့ပြေးဆွဲပေးခဲ့ကြောင်း၊ နေပြည်တော်-ပုဂံ အဆန်နှင့် အစုန်ရထားကိုလည်း RBE တွဲဆိုင်းအသစ်များ လဲလှယ်ပြေးဆွဲပေးခဲ့ကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ရထား၏ လုပ်နည်းလုပ်ဟန်များ၊ မိမိတို့တတ်နိုင်သည့် ပို့ဆောင်ရေးအပိုင်းမှလည်း ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနွေးငွေ့စက်ခေါင်းများကို ရှေးဟောင်းအမွေအနှစ်အဖြစ် ပြင်ဆင်ထိန်းသိမ်းပြီး ခရီးသွားလုပ်ငန်းများတွင် အသုံးပြုခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအပေါ် ပိုမိုဆွဲဆောင်နိုင်ရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်လည်း ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် မင်္ဂလာရှုခင်းကုမ္ပဏီလီမိတက်မှ CEO တို့က ရေနွေးငွေ့စက်ခေါင်းအထူးရထား ပုဂံ-ကျောက်ပန်းတောင်း ခရီးစဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ခေါင်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ အထူးရထားဖြင့် လိုက်ပါစီးနင်းကြသည်။

ရေနွေးငွေ့စက်ခေါင်းနှင့် တွဲအမျိုးအစားမှာ YD-967, BDUEZ 10759, 10850, BBEZ- 10590 ဖြစ်၍ ၁၉၄၈ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ တည်ဆောက်ခဲ့ပြီး မြန်မာနိုင်ငံ၌ ၁၉၅၀ ခုနှစ်တွင် စတင်ပြေးဆွဲရာမှ ၂၀၀၅ ခုနှစ်တွင် ရပ်နားထားကာယခု ပြန်လည်ပြင်ဆင်ပြေးဆွဲခြင်းဖြစ်ပြီး အထက်တန်းထိုင်ခုံ ၁၁၀၊ ဝန်ချိန် ၁၂၆ း ၈၊ ဘရိတ်ပါဝါ ၁၀၀ ရာခိုင်နှုန်းတို့ဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

## ဟန်လင်းမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ်လိုဂိုကျောက်တိုင်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့အနက် ဟန်လင်းမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ်လိုဂိုကျောက်တိုင်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် ညနေ ၃ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ဟန်လင်းမြို့ဟောင်းရှိ ကုန်းအမှတ်(၁၇)ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်နှင့် UNESCO ရုံးခွဲ (Myanmar) မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်လိုဂို စိုက်ထူခြင်းအားဖြင့် ပျူသုံးမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း ပြည်ပ ဧည့်သည်များ လိုဂိုကိုတွေ့သည်နှင့် ဤဒေသမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ခံရသည့်နေရာဖြစ်သည်ကို အလိုလိုသိပြီးသားဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်ပျူမြို့ဟောင်းသုံးမြို့ကို မည်သည့်အကြောင်းအရင်းနှင့်မျှထိခိုက်ပျက်စီးမှုမဖြစ်စေရန်အတွက် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရမည့် အဓိကကျသောပုဂ္ဂိုလ်များမှာ ဒေသခံပြည်သူများနှင့် နိုင်ငံသားအားလုံးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် ဦးစားပေးရွေးချယ်ခဲ့ရခြင်းမှာ သမိုင်းတင်ခေတ်အစောပိုင်းကာလယဉ်ကျေးမှု၏ မြို့ပြယဉ်ကျေးမှုနှင့်မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်း၏ ခိုင်မာသော အထောက်အထားတစ်ရပ်ဖြစ်ခြင်း၊ လက်ရှိတွေ့ရှိထားသော အထောက်အထားများအရ အရှေ့တောင်အာရှဒေသအတွင်းရှိ အစောဆုံး ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်မှုနှင့်အတူ ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံ၍ တည်ဆောက်ထားသော မြို့ပြယဉ်ကျေးမှုတစ်ရပ်ဖြစ်ခြင်း၊ မြေပေါ်မြေအောက်အထောက်အထားများ ကြွင်းကျန်တည်ရှိနေသကဲ့သို့ ရာစုနှစ်တစ်ခုမက ပြည်တွင်း ပြည်ပ ပညာရှင်များ၏ သုတေသနပြုလေ့လာခဲ့မှုတို့ကြောင့် တိကျခိုင်မာသော သက်သေ အထောက်အထားများ ရှိနေခြင်း၊ တွေ့ရှိရသော ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားတို့ကို ခေတ်မီနည်းစနစ်ဖြင့် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှု ပြုလုပ်ရာတွင်လည်း တိကျခိုင်မာသော ကာလ၊ ခုနှစ်သက္ကရာဇ်တို့ကိုလည်းဖော်ထုတ်တင်ပြနိုင်ခြင်း စသည်တို့ကြောင့် ဦးစားပေးရွေးချယ်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် UNESCO ရုံးခွဲ (Myanmar) မှ ဒေါ်ဥမ္မာမျိုးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အသိအမှတ်ပြုလွှာကို ပေးအပ်ရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ကမ္ဘာ့အမွေအနှစ် အထိမ်းအမှတ်လိုဂိုကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လိုဂိုကျောက်တိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြကာ ဟန်လင်းရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူခေတ်ရှေးဟောင်းအဆောက်အအုံများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## လုပ်ငန်းသုံးဆော့ဖ်ဝဲပြပွဲ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းတွင်ပြသ

**မန္တလေး ဒီဇင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် လုပ်ငန်းသုံး ဆော့ဖ်ဝဲပြပွဲ Mandalay Soft 2014 ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ (၃၃)လမ်းနှင့်(၇၇) လမ်းထောင့် ရွှေဖြူပလာဇာရှေ့ ပြပွဲမုခ်ဦးနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် Software IndustryDevelopment Committee ဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်တို့က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးလှကောင်းက ကျေးဇူးတင်စကားပြောကြားသည်။

လုပ်ငန်းသုံးဆော့ဖ်ဝဲပြပွဲကို ဒီဇင်ဘာ ၁၂ ရက် နှင့် ၁၃ ရက်တို့တွင် နှစ်ရက်တာ ပြသခြင်းဖြစ်ကာ ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ Software ရေးသားသူနှင့် အသုံးပြုသူများအကြား ပေါင်းကူးဆက်သွယ်ပေးသည့် အဆိုပါ Man-dalaySoft ၂၀၁၄ ပြပွဲတွင်သုံးစွဲသူတို့၏ လုပ်ငန်းလိုအပ်ချက်နှင့်အညီ Software ပညာရှင်များ၊ ဝါသနာရှင်များ အပြိုင်အဆိုင် ကြိုးစားရေးသားထားသည့် ဆော့ဖ်ဝဲများကို တစ်နေရာတည်းတွင် လေ့လာနိုင်မည်ဖြစ်သည်။

ဈေးဆိုင်ငယ်လေးများမှအစ ကုန်တိုက်ကြီးများအဆုံး ပွဲရုံသုံး၊ စတိုးဆိုင်သုံး၊ ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးသုံး၊ ဆေးရုံသုံး၊ ဆီဆိုင်သုံး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး၊ အကင်ဆိုင်နှင့်စားသောက်ဆိုင်သုံး၊ KTV ဆိုင်သုံး၊ ဟိုတယ်သုံး၊ ပုဂ္ဂလိကကျောင်း၊ ဘော်ဒါဆောင်၊ သင်တန်းကျောင်းသုံး၊ လမ်းတံတားကောက်ခံရေးသုံး၊ စိန်ရွှေရတနာဆိုင်သုံး၊ HR စီမံခန့်ခွဲရေးသုံး၊ ဝန်ထမ်းလစာစီမံခန့်ခွဲရေးသုံး၊ စက်ရုံသုံး အစရှိသည့် လုပ်ငန်းမျိုးစုံတွင် အသင့်သုံးနိုင်မည့် ဆော့ဖ်ဝဲများကို လေ့လာနိုင်သကဲ့သို့ လုပ်ငန်းလိုအပ်ချက်အလိုက် ရေးသားပေးမည့် ဆော့ဖ်ဝဲမျိုးစုံကိုလည်း ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ရန် သီးသန့်ဆွေးနွေးခန်းကိုလည်း စီစဉ်ထားရှိသည်။ MandalaySoft ၂၀၁၄ ကျင်းပရခြင်း ရည်ရွယ်ချက်များမှာ လုပ်ငန်းနယ်ပယ် အသီးသီးတွင် ICT ၏ အသုံးဝင်ပုံနှင့် Business Tool အဖြစ်အသုံးပြုနိုင်ကြောင်း လုပ်ငန်းရှင်များ ပိုမိုသိမြင်လာစေရန်၊ Soft-wareDeveloper များနှင့် လုပ်ငန်းရှင်များအကြား အလုပ်အကိုင်များကို ပေါင်းကူးဆက်သွယ်နိုင်စေရန်၊ eve-loper အချင်းချင်းရင်းနှီးပေါင်းစီးမှုရှိစေပြီး Software Industry ပိုမိုတိုးတက်လာစေရန်ဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။ **(ဝဝ၂)**




## ဂျပန်ပညာရေးပြပွဲ မန္တလေး၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ဂျပန်သံရုံးမှ ကြီးမှူးကျင်းပမည့် ၂၀၁၄ ဂျပန်ပညာရေးပြပွဲကို မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ရာ ပြပွဲတွင် ဂျပန်ကျောင်းသားထောက်ပံ့ရေးအဖွဲ့အစည်း(JASSO)၊ မြန်မာနိုင်ငံဂျပန်ပြန် ကျောင်းသားဟောင်းအသင်း (MAJA)၊ Okayama တက္ကသိုလ်နှင့် အမျိုးသားတက္ကသိုလ်ခြောက်ကျောင်းကော်မတီတို့မှလည်း ပူးပေါင်းပါဝင်ကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အမှတ်(၆၅၂) (၇၈) လမ်း၊ (၃၇)လမ်းနှင့်(၃၈) လမ်းကြား မဟာအောင်မြေမြို့နယ် မန္တလေးဟိုတယ်သို့ လာရောက်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

**နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး**



# ရှမ်း-ကယား နယ်စပ်ရှိ ဘိန်းခင်းများအား သွားရောက်ဖျက်ဆီး



**လွိုင်ကော် ဒီဇင်ဘာ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု ရှမ်း-ကယားနယ်စပ်ရှိ ဘိန်းခင်းများအား ပြည်နယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်လျက် ဒီဇင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီတွင် သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းများအား ပြည်နယ်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုရဲအုပ်သင်းအောင်အောင်မျိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ ရဲမှူးခင်မောင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်သိန်းသန်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၆၃ ဦးခန့်သည် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု အိုက်စန်ကျေးရွာ၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာတွင် အမြင့်တစ်ပေခန့်ရှိ ဘိန်းခင်းသုံးဧကနှင့် ယင်းဘိန်းခင်း၏ အရှေ့တောင်ဘက် ကိုက် ၅၀၀ ခန့်အကွာ တောင်စောင်းတွင် သီးပွင့်ပါအမြင့် ၁ ဒသမ ၅ ပေ ခန့်ရှိသော ဘိန်းခင်း နှစ်ဧက စုစုပေါင်း ငါးဧကအား သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ အောင်သုခလမ်း၊ တိုက်(၇၉/၈၀)၊ အခန်း (၁၀၂)တွင် ပါတီရုံးချုပ်တည်ရှိသော **ခေတ်သစ်ပြည်သူ့ပါတီ**သည် ယင်းပါတီ၏အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခေတ်သစ်ပြည်သူ့ပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ၂၀၁၄ ခုနှစ်အတွင်း တရားမဝင်ဓာတုဆေးရည် စုစုပေါင်း ၁၀၄၇၅ ကီလိုဂရမ် ဖမ်းဆီးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၂**

မူဆယ်ခရိုင်အတွင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ဝန်းကျင် တရားမဝင် ရှောင်ကွင်းလမ်းများမှ ကုန်ပစ္စည်းသယ်ယူမှုမရှိစေရန်၊ တရားဝင် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ရည်ရွယ်ချက်ဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီသည် စခန်းထုတ်နုတ် (OSS) Mobile Team အဖွဲ့အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှစ၍ ထုတ်နုတ်ဖွဲ့စည်းတာဝန်ပေးအပ်ကာ တားဆီးဆောင်ရွက်လျက်ရှိသည်။

Mobile Team အဖွဲ့စုံသည် ဒီဇင်ဘာ ၆ ရက် နံနက်အစောပိုင်းတွင် သတင်းအရ နမ့်တောင်း-ခိုခေး ရှောင်ကွင်းလမ်းကြောင်းအတိုင်း တရားမဝင် အကောက်ခွန်မဲ့ပစ္စည်းများ တင်ဆောင်လာသော Dong Fan အမျိုးအစား ယာဉ်နှစ်စီးအား မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးအနီး၌ တွေ့ရှိစစ်ဆေးရာ FDA ထောက်ခံချက်မပါသော တရားမဝင် တင်သွင်းလာသည့် တစ်ဖက်နိုင်ငံထုတ် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းဟု ယူဆရသော အရည်များတင်ထားသည့် ငါးဂါလန်ဆံ့ ပလတ်စတစ်ပုံးပေါင်း ၂၄၀ စုစုပေါင်း ခန့်မှန်းအလေးချိန် ၅၇၆၀ ကီလိုဂရမ်အား သိမ်းဆည်းရမိခဲ့သည်။

ယင်းဓာတုဗေဒပစ္စည်းများအား မူဆယ်မြို့ မူးယစ်အထူးတပ်ဖွဲ့သို့ ပေးပို့၍ စစ်ဆေးစေခဲ့ရာ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသော တားမြစ်ဓာတုဆေးရည်များ (Phenyl Propanone) ဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ အပ်နှံခဲ့သည်။

Mobile Team များသည် ၂၀၁၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် Ethyl Alcohol (အရက်ပျံ) ၂၀ လီတာပုံး ၂၂၃ ပုံး (၄၇၁၅ ကီလိုဂရမ်) အပါအဝင် စုစုပေါင်း တရားမဝင်ဓာတုဆေးရည် (၁၀၄၇၅ ကီလိုဂရမ်)ကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်းမှဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

**ဖရူဆို ဒီဇင်ဘာ ၁၂**

ကယားပြည်နယ် ဖရူဆိုမြို့နယ် အတွင်းရှိ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများအား မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခင် ဦးစီး၍ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် နယ်ခြေခံတပ်မတော်သားများ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၃၅ ဦးခန့် ပူးပေါင်းပါဝင်လျက် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

# ဖရူဆိုမြို့နယ်ရှိ ဘိန်းခင်း ၃၆ ဧကအား သွားရောက်ဖျက်ဆီး

အဆိုပါ ဘိန်းခင်းဖျက်အဖွဲ့သည် ဒိုးပရယ်ကျေးရွာအုပ်စု ဒိုးပရယ်ကျေးရွာ၏ အနောက်ဘက် ၅ မိုင် ၆ ဖာလုံခန့်အကွာ သီးပွင့်ပါအမြင့် ၂ ဒသမ ၅ ပေရှိ ဘိန်းခင်း သုံးဧက၊ ၆ မိုင်ခန့်အကွာ သီးပွင့်ပါ ၁၅ ဧကနှင့် ၎င်းနှင့်ကပ်လျက်ရှိသော သီးပွင့်ပါ ၂ ဒသမ ၅ ပေအမြင့်ရှိ ဘိန်းခင်း ငါးဧကတို့ကို သွားရောက်ဖျက်ဆီးခဲ့ကြသည်။

ဆက်လက်၍ ဒိုးပရယ်ရွာ၏ အနောက်ဘက် ၆ မိုင် ၂ ဖာလုံခန့်အကွာ သီးပွင့်ပါအမြင့် ၂ ဒသမ ၅ ပေ ဘိန်းခင်း ၅ ဧကနှင့် ၆ မိုင် ၄ ဖာလုံခန့်အကွာ သီးပွင့်ပါအမြင့် ၈ ဧကတို့အား ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်အဖွဲ့သည် ဘိန်းခင်းငါးနေရာ စုစုပေါင်းဘိန်းခင်း ၃၆ ဧကအား သွားရောက်ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိနေသေးသော ဘိန်းခင်းသုံးဧကအား ဆက်လက်သွားရောက်ဖျက်ဆီးမည်ဖြစ်ကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**



ခရီးသည် (၅) ဦးနှင့်အထက် စာရင်းသွင်းခြင်းဖြင့် Discount များရယူခံစားနိုင်ပါပြီ။
FIRST CHOICE Travel & Tour
ဗန်ကောက်၊ ပတ္တရား (၄ ည ၅ ရက်) Dec 25-29
ဖူးခက် (၃ ည ၄ ရက်) ကွမ်ကျိုး၊ဟောင်ကောင်၊မကာအို (၇ ည ၈ ရက်)
စင်ကာပူ (၃ ည ၄ ရက်) ကမ္ဘောဒီးယား (၄ ည ၅ ရက်)
လာအို (၅ ည ၆ ရက်) ကိုရီးယား (၇ ည ၈ ရက်)
ဗီယက်နမ် (၅ ည ၆ ရက်) ဂျပန် (၈ ည ၉ ရက်)
Hotline No. 09421069966
09 421069966 - 09 73059081

မြေကွက်များဝယ်လိုသည်
ရန်ကုန်မြို့ ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

JOB seekers
Hot Line : 01 510313
www.myanmarjobseekers.com,
www.facebook.com/myanmarjobseekers

# Fashion Euphoria (Junction Square)
# Clearance Sales (50% to 80%)

၉-၁၂-၂၀၁၄ ရက်မှ ၁၄-၁၂-၂၀၁၄ ရက်အထိ

Fashion Euphoria (Junction Square)ဆိုင်ခွဲမှ ကုန်ပစ္စည်းရှင်းလင်းသိမ်းဆည်းခြင်း အထူးအစီအစဉ်ဖြင့် အရည်အသွေးမြင့် ဖိနပ်အမျိုးမျိုး၊ အရောင်အသွေးစုံလင်သော ပိုးအမျိုးမျိုး၊ ဇင်းမယ်၊ ချိဖွန်နှင့် ကွန်ပျူတာပန်းထိုး၊ ကွန်ပျူတာချိတ်၊ မြန်မာချိတ်မျိုးစုံတို့ကို စစ်မှန်သော အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသောကြောင့် ပျော်ရွှင်စွာ လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ခေါ်အပ်ပါသည်။

**F 129,** ပထမထပ်၊ **Junction Square**
**Ph:09-5105471**




## (၃၈)ကြိမ်မြောက် အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲ ဆုရရှိမှု

**ရန်ကုန် ဒီဇင်ဘာ ၁၂**

(၃၈)ကြိမ်မြောက် အရှေ့တောင်အာရှသေနတ်ပစ်ပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် ဒီဇင်ဘာ ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာသေနတ်ပစ်အားကစားအဖွဲ့မှ ပြိုင်ပွဲအမျိုးအစားငါးမျိုးတွင် အားကစားသမား ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မီတာ ၅၀ ဝမ်းလျားမှောက်ပြိုင်ပွဲတွင် လင်းအောင်၊ ဝေယံမင်းသူ၊ ကောင်းထိုက်တို့က အသင်းလိုက် ရွှေတံဆိပ်၊ ကောင်းထိုက်က တစ်ဦးချင်းကြေးတံဆိပ်နှင့် မီတာ ၁၀ လေပစ္စတိုပြိုင်ပွဲတွင် ရဲထွန်းနောင်၊ အားချန်၊ မျိုးသန့်ကျော်တို့က အသင်းလိုက်ကြေးတံဆိပ်၊ ရဲထွန်းနောင်က တစ်ဦးချင်းငွေတံဆိပ်အသီးသီးရရှိကြပြီး ဆုများကို မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## တင်းနစ်ကလပ်အသင်းများ ညှိနှိုင်းအစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (Myanmar Tennis Federation) အနေဖြင့် တင်းနစ်အားကစား လောက တိုးတက်ဖွံ့ဖြိုးရေး၊ ဖွဲ့စည်းပုံများ မှန်ကန်စေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ ယခုထက်ပိုမို ထွက်ပေါ်လာစေရေးအတွက် ရည်မှန်းချက်များဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တင်းနစ်ကလပ်များနှင့် တင်းနစ်ကစားကွင်းများ ပြုစုဆောင်ရွက်ခဲ့ရာ စုစုပေါင်း ၇၀ ကျော် စာရင်းရရှိလာပြီးဖြစ်သည်။ ထိုတင်းနစ်ကလပ်များကို ဖွဲ့စည်းပုံစည်းမျဉ်းများ စနစ်တကျရေးဆွဲအတည်ပြုပြီး ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တင်းနစ်ကလပ်အသင်းများသို့ ပေးပို့ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ဒုတိယအပတ်တွင် ကျင်းပမည့် အစည်းအဝေးသို့ မြန်မာနိုင်ငံ တစ်ဝန်းရှိ တင်းနစ်ကလပ်အသင်းများအနေဖြင့် ကလပ်အသင်းတစ်ခုတွင် ရှိရမည့် ဖွဲ့စည်းပုံအတိုင်း ပြည့်စုံစွာရှိသော ကလပ်အသင်းများသာလျှင် တက်ရောက်ကြရမည်ဖြစ်ပြီး မိမိကလပ်အသင်းများအလိုက် ရေးသားပြုစုထားသော ဖွဲ့စည်းပုံဆိုင်ရာ အချက်များကိုပြင်ဆင်ပြုစုပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် အရောက် ပေးပို့ကြရမည်ဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကလပ်အသင်းများသို့ အကြောင်းကြားထားသည်။

အသေးစိတ်ကို အဖွဲ့ချုပ်ရုံးဖုန်း ၀၁-၃၈၁၉၉၁၊ ၀၁-၃၈၁၉၉၂ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း ၀၉-၂၅၄၃၅၁၀၁၉ ကွင်းတာဝန်ခံ ဖုန်း ၀၉-၂၅၀၁၈၇၀၄၀ နှင့် ဖိတ်ကြားရေးတာဝန်ခံဖုန်း ၀၉-၂၅၀၀၂၀၀၅၄ နှင့် ဖိတ်ကြားရေးတို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



## ချန်ပီယံလိဂ်တွင် စပိန်အသင်းများနှင့် ထိပ်တိုက်မတွေ့ရန် မန်စီးတီးတိုက်စစ်မှူး ဆေးလ်ဗားမျှော်လင့်

**စပိန်လာလီဂါကလပ်အသင်းများဖြစ်သည့် ဘာစီလိုနာအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် ပရီမီယာလိဂ်လက်ရှိချန်ပီယံမန်စီးတီးအသင်း၏ ဥရောပပြိုင်ပွဲတွင် ကြောက်စရာကောင်းသည့်အသင်းများဖြစ်ကြောင်းနှင့် မန်စီးတီးအသင်းအတွက် ကြီးမားသောခြိမ်းခြောက်မှုဖြစ်ကြောင်း မန်စီးတီး တိုက်စစ်မှူး ဒေးဗစ်ဆေးလ်ဗားက ထုတ်ဖော်ပြောကြားလိုက်သည်။**

ထို့ကြောင့် မန်စီးတီးတိုက်စစ်မှူး ဒေးဗစ်ဆေးလ်ဗားက တနင်္လာနေ့တွင် မဲခွဲဆုံးဖြတ်မည့် ချန်ပီယံလိဂ် (၁၆) သင်းအဆင့်တွင် လာလီဂါအသင်းများဖြစ်သည့် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကို စသည့်အသင်းများနှင့် ထိပ်တိုက်မဆုံတွေ့ရန် မျှော်လင့်ထားခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် ရိုးမားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုအဆင့်တွင် ဘိုင်ယန်မြူးနစ်အသင်း၏ နောက် ဒုတိယနေရာဖြင့် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်အုပ်စုအဆင့်ပြိုင်ပွဲတွင် စပိန်ထိပ်တန်း အသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းကို ရှုံးနိမ့်ကာ အုပ်စုအဆင့်ဖြင့်ပင် ချန်ပီယံလိဂ်မှ ထွက်ခဲ့ရသည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိချန်ပီယံလိဂ် ချန်ပီယံအသင်းဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်းသည်လည်း ပြီးခဲ့သည့်နှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ရီးယဲလ်မက်ဒရစ်နှင့် ထိပ်တိုက်ဆုံတွေ့ခဲ့သည့်အသင်းဖြစ်ပြီး ချန်ပီယံဆုဖလားဖြင့် လွဲခဲ့ရသည့်အသင်းဖြစ်သည်။ ထို့ကြောင့် ချန်ပီယံလိဂ်သမိုင်းကြောင်း ကောင်းနေသည့် စပိန်လာလီဂါထိပ်တန်းအသင်းများနှင့် (၁၆)သင်းအဆင့်တွင် ရှောင်လွှဲနိုင်မှသာ မန်စီးတီးအသင်းအတွက် နောက်တစ်ဆင့်တက်မည့် အခွင့်အရေးရမည်ဟု တိုက်စစ်မှူး ဒေးဗစ်ဆေးလ်ဗားက ယုံကြည်ထားခြင်းဖြစ်သည်။

**(နိုင်လင်းကြည်)**

## လီဗာပူးတောင်ပံကစားသမား စတာလင်အားခေါ်ယူရန် ရီးယဲလ်ပစ်မှတ်ထား

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် လီဗာပူးအသင်း၏ အင်္ဂလန်တောင်ပံကစားသမား စတာလင်အား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းမှာ အရည်အသွေးမြင့် လူငယ်ကစားသမားများကို ခေါ်ယူသွားရန်စီစဉ်နေပြီး လီဗာပူး အသင်းတွင် ခြေစွမ်းပြသနေသည့် စတာလင်အား စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စတာလင်မှာလည်း ရလဒ်များဆိုးရွားလျက်ရှိနေသည့် လီဗာပူးအသင်းတွင် မပျော်မရွှင်ဖြစ်နေပြီး အသင်းပြောင်းရွှေ့ရန် ဆန္ဒရှိနေကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။ သို့သော် လီဗာပူးအသင်းမှာ ၎င်းအား လက်လွှတ်ရန် ဆန္ဒမရှိဘဲ စာချုပ်သက်တမ်းတိုးမြှင့်ရန် ကြိုးပမ်းသွားဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းမှာ လစာငွေမြင့်မားစွာ ပေးချေနေရသည့် ဘေးလ်အားရောင်းထုတ်ကာ ၎င်းနေရာတွင် စတာလင်အား အစားထိုးသွားရန် ဆန္ဒရှိနေကြောင်း goal.com က ဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် စတာလင်အား ရီးယဲလ်အသင်းအပြင် အီတလီစီးရီးအေကလပ်အသင်းအချို့ကပါ ခေါ်ယူရန် စိတ်ဝင်စားနေခြင်းဖြစ်ပြီး ရီးယဲလ်အသင်းက အခြားအသင်းများထက် ကြိုတင်လက်ဦးမှုရယူကာ ကြိုးပမ်းသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။

**(ကိုရဲ)**

## နိုဝင်ဘာတစ်လတာ ပရီမီယာလိဂ်အကောင်းဆုံးနည်းပြဆု နယူးကာဆယ်နည်းပြ အလန်ပါဂျူး ဆွတ်ခူးရရှိ

**နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးသည် နိုဝင်ဘာလအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် လေးပွဲတွင် သုံးပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် နိုဝင်ဘာတစ်လတာ ပရီမီယာလိဂ် အကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးရရှိခဲ့သည်။**

နည်းပြအလန်ပါဂျူး၏ နယူးကာဆယ်အသင်းသည် နိုဝင်ဘာလအတွင်း ကစားခဲ့သည့်ပွဲစဉ်များအနက် စိန့်ဂျိမ်းပက်ခ်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးနှင့် ပွဲစဉ်တွင် လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဝက်စ်ဘရွန်းအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကျူပီအာအသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။ သို့ရာတွင် ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းအက်ပ်တွန်ပက်ခ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် အလန်ပါဂျူးသည် နိုဝင်ဘာတစ်လတာ အကောင်းဆုံးနည်းပြဆုကို ရရှိခဲ့သည်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီ၏ ပရီမီယာလိဂ်တစ်လတာအကောင်းဆုံးနည်းပြဆုရရှိခဲ့မှုကို ဖော်ပြရလျှင် ရာသီစတင်ခဲ့သည့် ဩဂုတ်လတွင် ဆွမ်ဆီးနည်းပြဂယ်ရီမွန့်ကလည်းကောင်း၊ စက်တင်ဘာလတွင် ဆောက်သမ်တန်နည်းပြ ရိုနယ်ကိုးမန်းကလည်းကောင်း၊ အောက်တိုဘာလတွင် ဝက်စ်ဟမ်းနည်းပြ အယ်လ်လာဒီစီကလည်းကောင်း အသီးသီးရရှိခဲ့ပြီး နိုဝင်ဘာလတွင် အလန်ပါဂျူးက ရရှိခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**






### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ခြံ/စက်ရုံ(၄၅)ခုအား စီးပွားရေးအရ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ တင်ပြလာသည့် EOI အဆိုပြုလွှာများအား စိစစ်ပြီး တင်ဒါယှဉ်ပြိုင်ခွင့်ရရှိသည့် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများသို့ အသိပေးအကြောင်းကြားခြင်း

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုစေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနပိုင် ခြံ/စက်ရုံ(၄၅)ခုအား ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်/ကုမ္ပဏီများသို့ EOI အဆိုပြုလျှောက်လွှာများ ခေါ်ယူပြီး ၁၆-၁၀-၂၀၁၄ ရက်တွင် ပထမအကြိမ်၊ ၁၃-၁၁-၂၀၁၄ ရက်တွင် ဒုတိယအကြိမ်၊ ၄-၁၂-၂၀၁၄ ရက်တွင် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်၍ စိစစ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်/ကုမ္ပဏီများမှ ပေးပို့လာသည့် EOI အဆိုပြုလျှောက်လွှာများအပေါ် အခြေခံ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ သတ်မှတ်ချက်နှင့်ကိုက်ညီသော ကုမ္ပဏီများအား တင်ဒါစိစစ်ရွေးချယ်ခြင်းအခမ်းအနားကို ၂၆-၁၂-၂၀၁၄ ရက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

### တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့မွေးမြူရေးဇုန်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရှိ Whole Sale Market နေရာများအား တင်ဒါစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ ပေးပို့ရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၇၉နှင့် ၀၆၇-၄၀၈၄၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

ငါးကန် (၂၅၀) ဧက
ငှားမည် / အကျိုးတူ
ကတ္တရာလမ်းမဘေး
၀၉ ၃၃၀၈ ၀၈၆၉

**အေးရိပ်စံ**
**(အိမ်ခြံ မြေအကျိုးဆောင်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)၊ (ဆိပ်ကမ်း)ရှိ မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၄၂၃၇၂၆၉၄၅၊ ၀၉-၄၃၀၈၉၂၀၃

### မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(MICPA)၏ ပညာရပ်ဆိုင်ရာဟောပြောပွဲနှင့်ဆွေးနွေးပွဲ

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA)မှ ကျင်းပစီစဉ်သော ပညာရပ်ဆိုင်ရာ ဟောပြောပွဲနှင့် ဆွေးနွေးပွဲကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများနှင့် စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။ အသေးစိတ် သိရှိလိုပါက အသင်းရုံးခန်းဖုန်းနံပါတ် ၀၁-၂၁၄၆၅၃၊ ၀၉-၃၁၇၁၈၁၄၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဟောပြောမည့်ခေါင်းစဉ် | - | "ရန်ကုန်စတော့အိပ်ချိန်း မိတ်ဆက်နှင့် ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများ" |
| ဟောပြောမည့်သူ | - | ဒေါက်တာမောင်မောင်သိန်း<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊<br>(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန) |
| ဟောပြောမည့်နေ့ရက်၊ အချိန် | - | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်(တနင်္ဂနွေနေ့)၊ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ |
| ဟောပြောမည့်နေရာ | - | အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်းခန်းမ) |


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
GOLDEN CITY ခရစ္စမတ်ပွဲတော်ကြိုဆိုပွဲ
Project Phase II မိတ်ဆက်ခြင်းအခမ်းအနား
13th December 2014 (Saturday 5:00 PM)
GOLDEN CITY
LIVE THE GOLDEN CITY LIFE
GOLDEN CITY Project Phase II မိတ်ဆက်ခြင်း
New Show Gallery ပြပွဲ နှင့် Gold Card ပြောင်းလဲခြင်း
ရင်ခုန်စိတ်ဝင်စားဖွယ် Luxury Bags, Iphone 6 Plus, Iphone 6 ကံစမ်းမဲလက်ဆောင်များဖောက်ပေးခြင်း
Grade A Office
Elite Community
Premier Leading Serviced and Hotel Residence
Luxury Shopping Center
Hotline: +95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
Developer: Golden Land Real Estate Development Co., Ltd. Website: www.glredcl.com

# ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း

**ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ )**
**(၁၃၇၆ ခုနှစ်၊ လ ရက်)**
**(၂၀၁၄ ခုနှစ်၊ လ ရက် )**

နိဒါန်း

ပြည်တွင်းရေကြောင်းများတွင် အသုံးပြုလျက်ရှိသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ကျင့်သုံးလျက်ရှိသည့် ၁၉၁၇ ခုနှစ်၊ ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောများ အက်ဥပဒေမှာ မူရင်း ၁၉၁၇ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေအားနိုင်ငံတော်တွင် အာဏာသက်ရောက်စေခဲ့သော အက်ဥပဒေဖြစ်ပြီး ထိုအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များမှာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက်ကြောင့် လည်းကောင်း၊ ပြောင်းလဲလာသော အခြေအနေများအရ ရေနွေးငွေ့သုံး မီးသင်္ဘောအစား ဒီဇယ်အင်ဂျင်နှင့်လျှပ်စစ်စသည့် စွမ်းအင်သုံးရေယာဉ်များ အမျိုးအစားများစွာ ပေါ်ပေါက်လာခဲ့သည့်အတွက်ကြောင့်လည်းကောင်း ဥပဒေအသစ် ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းရန်လိုအပ်လာသဖြင့် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ အဓိပ္ပာယ်ဖော်ပြချက်၊ သက်ဆိုင်ခြင်းနှင့် ကင်းလွတ်ချက်များ**

၁။ ဤဥပဒေကို **ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ရေယာဉ်**ဆိုသည်မှာ ခရီးသည်နှင့် ကုန်စည်တစ်မျိုးမျိုးကို ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သော ရေယာဉ်တစ်မျိုးမျိုးကိုသော် လည်းကောင်း၊ ပြည်တွင်းရေကြောင်း၌ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်သော ရေယာဉ် တစ်မျိုးမျိုးကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲ ရေယာဉ်များသည် လည်းကောင်း၊ စက်မဲ့ ကုန်တွဲ၊ ရေနံတွဲနှင့် ရေတွင်ပေါ်သော အခြားတွဲများသည် လည်းကောင်း၊ လေကူရှင်သုံး ရေယာဉ်၊ အပျော်စီးရေယာဉ်၊ ဖောင်နှင့် ရွက်လှေများသည် လည်းကောင်း ပါဝင်သည်။

(ခ) **ပြည်တွင်းရေကြောင်း**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရေယာဉ်ဖြင့် သွားလာနိုင်သော မြစ်၊ ချောင်း၊ တူးမြောင်း၊ အင်းသို့မဟုတ်ရေကန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အခြားရေပြင်ဧရိယာတစ်ခုခုလည်း ပါဝင်သည်။

(ဂ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော ရေယာဉ်ကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ပိုင်ရှင်က လွှဲအပ်တာဝန်ပေးထားသော မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်တို့ ပါဝင်သည်။

(ဃ) **တိုင်းတာစစ်ဆေးရေးမှူး**ဆိုသည်မှာ ရေယာဉ်အား တိုင်းတာစစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(င) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လိုအပ်ချက်များအား စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(စ) **ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်**ဆိုသည်မှာ ရေယာဉ်အား လိုအပ်သည့် အန္တရာယ်ကင်းရှင်းမှုများအတွက် ဤဥပဒေနှင့်အညီ တည်ဆောက်မှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေးထားသည့် အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာ**ဆိုသည်မှာ ရေယာဉ်အားတိုင်းတာစစ်ဆေးတွေ့ရှိမှုအခြေအနေကို ဖော်ပြသော အစီရင်ခံစာကို ဆိုသည်။

(ဇ) **ခရီးသည်တင်ရေယာဉ်**ဆိုသည်မှာ ခရီးသည် ၁၂ ဦးထက် ပို၍ သယ်ဆောင်သော ရေယာဉ်ကို ဆိုသည်။

(ဈ) **ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှု** ဆိုသည်မှာ ပြည်တွင်းရေကြောင်းတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ညစ်ညမ်းစေမှုကို သော်လည်းကောင်း၊ ရေထု သဘာဝပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့တို့၏ ဖြစ်စဉ်အပေါ် ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ဆုံးရှုံးနစ်နာစေမှုကိုသော်လည်းကောင်း ဆိုသည်။

(ည) **ခရီးစဉ်**ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွားရေယာဉ် ထွက်ခွာမည့်နေရာမှ ရောက်ရှိလိုသည့်နေရာအကြား ခရီးလမ်းကြောင်းတစ်လျှောက် ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ရောက်ရှိရပ်နားနေသည့် နေရာများလည်း ပါဝင်သည်။

(ဋ) **ဝန်တင်မျဉ်း**ဆိုသည်မှာ ရေယာဉ်တွင် တင်ဆောင်သည့် ကုန်စည်များ၏ ဝန်အလေးချိန်အတွက် ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးထားသည့် စည်းမျဉ်းများအရ ရေယာဉ်၏ ကိုယ်ထည်တွင် ရေးဆွဲမှတ်သားထားသည့် ဝန်တင်မျဉ်း အမှတ်အသားကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာန**ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဎ) **ရေယာဉ်အုပ်**ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူ၊ ရေယာဉ်အား ဦးစီးမောင်းနှင်ခြင်းတွင် အဓိကတာဝန်အရှိဆုံးသူကို ဆိုသည်။

(ဏ) **စက်ခန်းအုပ်** ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်၏ စက်ခန်းပိုင်းဆိုင်ရာ ကြီးကြပ်အုပ်ချုပ်သူ၊ အင်ဂျင်နီယာ သို့မဟုတ် စက်များအား ထိန်းသိမ်းမောင်းနှင်ခြင်းတွင် အဓိက တာဝန်အရှိဆုံးသူကို ဆိုသည်။

(တ) **ရေယာဉ်ဝန်ထမ်း**ဆိုသည်မှာ ရေယာဉ်အုပ်မှအပ ဤဥပဒေနှင့် သက်ဆိုင်သော ရေယာဉ်ပေါ်တွင် အလုပ်လုပ်ကိုင်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သူ တစ်ဦးဦးကို ဆိုသည်။

(ထ) **ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာလိုင်စင်** ဆိုရာတွင် ဤဥပဒေကို လိုက်နာ၍ တည်ဆောက်ရမည့် ရေယာဉ်များနှင့် စပ်လျဉ်း၍ ရေယာဉ်ပုံစံထုတ်ခြင်းနှင့် ရေးဆွဲခြင်း၊ ဝန်တင်မျဉ်းတွက်ချက်ခြင်း၊ လုံးပေါင်းတန်ချိန် တွက်ချက်ခြင်း၊ ရေယာဉ်တည်ငြိမ်မှု တွက်ချက်ခြင်း၊ ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှု တွက်ချက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ အတိုင်ပင်ခံဆောင်ရွက်ခြင်းနှင့် အခြားသောရေယာဉ်၏ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းကိစ္စရပ်များဆောင်ရွက်လိုသူအား ဦးစီးဌာနမှထုတ်ပြန်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ထုတ်ပေးသော အသိအမှတ်ပြု လက်မှတ်တစ်ခုခုကိုဆိုသည်။

(ဒ) **ကုန်စည်**ဆိုရာတွင်ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် ခရီးသည်မှလွဲ၍ သက်ရှိ၊ သက်မဲ့ ကုန်ပစ္စည်းအားလုံး ပါဝင်သည်။

**သက်ဆိုင်ခြင်း**

၃။ ဤဥပဒေသည် ပုဒ်မ ၄ အရ ကင်းလွတ်ခွင့်ပြုသော ရေယာဉ်များမှအပ နိုင်ငံတော်၏ ပြည်တွင်းရေကြောင်းတွင် သွားလာသည့် မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော မည်သည့်ရေယာဉ်အမျိုးအစားမဆိုသက်ဆိုင်စေရမည်။

**ကင်းလွတ်ချက်**

၄။ ဤဥပဒေသည်အောက်ပါ သင်္ဘော သို့မဟုတ် ရေယာဉ်တို့နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) စစ်သင်္ဘော၊

(ခ) ဝန်ကြီးဌာနက ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသောရေယာဉ်။

**အခန်း(၂)**

**ရေယာဉ်များအားတိုင်းတာစစ်ဆေးခြင်းနှင့်**
**ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ် ထုတ်ပေးခြင်း**

၅။ ဦးစီးဌာနသည် -

(က) ရေယာဉ်များအား တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် သင့်လျော်သော နေရာဒေသများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သော နေရာဒေသများတွင် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ သက်ဆိုင်ရာ အရာရှိများကို တိုင်းတာစစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန်အတွက် ဦးစီးဌာန၏ကိုယ်စားဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို စည်းကမ်းချက်များသတ်မှတ်၍ တာဝန်လွှဲအပ်ပေးနိုင်သည်။

(ဃ) ရေယာဉ်များ တိုင်းတာစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ရေယာဉ်အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် ခွင့်ပြုနိုင်သည့် ရေယာဉ်အတန်းအစားများနှင့် အရေအတွက်တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာနိုင်သည်။

၆။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းဆိုင်ရာ ကိစ္စများ၊ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၇။ ဦးစီးဌာနသည် အမြန်ရေယာဉ်များအတွက် ပြေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့် အချက်များ အားသတ်မှတ်ကြေညာပေးရမည်။

၈။ (က) တိုင်းတာစစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် သတ်မှတ်ထားသည့် တိုင်းတာစစ်ဆေးမှုစရိတ်နှင့် အခကြေးငွေများကို ဦးစီးဌာနသို့ ကြိုတင်ပေးသွင်းရမည်။

(ခ) ရေယာဉ်များတိုင်းတာစစ်ဆေးမှုခံယူရန် သတ်မှတ်ကြေညာထားသောဆိပ်ကမ်းနေရာနှင့် အချိန်ဇယားအတွင်းမှအပ ရေယာဉ်ပိုင်ရှင်၏တောင်းဆိုချက်အရ သွားရောက်တိုင်းတာစစ်ဆေးရလျှင် ကုန်ကျစရိတ်များအား တိုင်းတာစစ်ဆေးခြင်းခံယူသည့်ရေယာဉ်၏ ပိုင်ရှင်က ကျခံရမည်။

၉။ (က) ရေယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ ရေယာဉ်ကို မှတ်ပုံတင်ခြင်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရယူခြင်းမပြုမီ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) တိုင်းတာစစ်ဆေးရေးမှူးသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး ရေယာဉ်အား သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ/မရှိ တိုင်းတာစစ်ဆေးပြီး -

(၁) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(၂) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်မှုမရှိပါက လိုအပ်ချက်များပြုပြင်ပြီး ပြန်လည်တင်ပြရန် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာမိတ္တူကို ရေယာဉ်ပိုင်ရှင်ထံသို့ ပေးပို့ရမည်။ ရေယာဉ်ပိုင်ရှင်က လိုအပ်ချက်များ ပြုပြင်ပြီး ပြန်လည်တင်ပြလာသည့်အခါ ထပ်မံ၍ တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၀။ တိုင်းတာစစ်ဆေးရေးမှူးသည် -

(က) ရေယာဉ်အား တိုင်းတာစစ်ဆေးမှုပြုလုပ်ပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဆောင်ရွက်ဆဲကာလ၌ ထိုလိုအပ်ချက်များသည် ရေယာဉ်ခုတ်မောင်းသွားလာခြင်းကို ထိခိုက်စေသည့် အကြောင်းကိစ္စရပ်များမဟုတ်သည့် အခြေအနေမျိုးတွင် ရေယာဉ်ပိုင်ရှင်အား စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်း သုံးလထက် မပိုသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီလက်မှတ်ကို ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီ လက်မှတ်သက်တမ်းမကုန်မီ ထပ်မံ၍ တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၁။ (က) ဦးစီးဌာနသည် ပုဒ်မ ၉ သို့မဟုတ် ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)အရ တင်ပြသည့် တိုင်းတာစစ်ဆေးရေးမှူး၏စစ်ဆေးခြင်းအစီရင်ခံစာကို စိစစ်ပြီး လိုအပ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်ပိုင်ရှင်အား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ရန် လိုအပ်ချက်ရှိပါက ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ထိ သတ်မှတ်နိုင်သည်။

၁၂။ (က) မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မျှ ပြည်တွင်းရေကြောင်းတွင် သက်တမ်းရှိသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မပါရှိလျှင်သော်လည်းကောင်း၊ အဆိုပါလက်မှတ်သည် အသုံးပြုမည့် ခရီးစဉ်၊ လုပ်ငန်းနှင့် အကျုံးဝင်မှု မရှိလျှင်သော်လည်းကောင်း ပြည်တွင်းရေကြောင်းသွား ခရီးစဉ် သို့မဟုတ် လုပ်ငန်းတွင် အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ပြည်တွင်းရေကြောင်းသွား ရေယာဉ်၏ ခရီးစဉ်တစ်ခုအတွင်း လမ်းခရီးကြားကာလတွင် ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းကုန်ဆုံးသွားသည့်အခါ ထိုသို့ကုန်ဆုံးသည့်နေ့မှ သက်တမ်းတိုးမြှင့်ပေးရန် ပြန်လည် စစ်ဆေးမှုခံယူနိုင်မည့်နေရာသို့ ရောက်ချိန်အထိ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် အဆိုပါ ကြားကာလမှာ ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၁၃။ တိုင်းတာစစ်ဆေးရေးမှူးသည် -

(က) ရေယာဉ်များ ကြံ့ခိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းရေး အလို့ငှာ ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ပေါ်သို့ တက်ရောက်၍ သင့်လျော်သည့်အချိန်တွင် ရေယာဉ်ကိုယ်ထည်၊ အင်ဂျင်နှင့် အခြားစက်ပစ္စည်းများကို တိုင်းတာစစ်ဆေးခြင်း၊ရေယာဉ်ပေါ်ရှိမည်သည့် နေရာကိုမဆို ဝင်ရောက်စစ်ဆေးခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများကို စစ်ဆေးခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင်ကုန်ချခြင်း ဆောင်ရွက်မှုကို မလိုအပ်ဘဲ ဟန့်တားမှုနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့် အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်းခရီးစဉ်ကို ထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၄။ စစ်ဆေးရေးအရာရှိသည် -

(က) ရေယာဉ်တွင် သက်တမ်းရှိသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်နှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့၏ သတ်မှတ်ထားသော ကျွမ်းကျင်မှု လက်မှတ်များ ရှိ/မရှိကို လည်းကောင်း၊ ရေယာဉ်၏ စက်ပစ္စည်း ကိရိယာများ ကောင်းမွန်မှု ရှိ/မရှိနှင့် ကုန်စည်များကို ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ တင်ဆောင်ထားခြင်း ရှိ/မရှိတို့နှင့် စာရွက်စာတမ်းအထောက်အထားများကို လည်းကောင်း သင့်လျော်သည့်အချိန်တွင် ရေယာဉ်ပေါ်သို့ တက်ရောက် စစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင်ကုန်ချခြင်း ဆောင်ရွက်မှုကို မလိုအပ်ဘဲ ဟန့်တားမှုနှင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့် အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်းခရီးစဉ်ကို ထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၅။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းများသည်တိုင်းတာစစ်ဆေးရေးမှူးက တိုင်းတာစစ်ဆေးခြင်း ဆောင်ရွက်ရာတွင်လည်းကောင်း၊ စစ်ဆေးရေးအရာရှိက စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် လည်းကောင်း၊ လိုအပ်သော အကူအညီများ ပေးခြင်း၊ တိုင်းတာစစ်ဆေးခြင်းနှင့် စစ်ဆေးခြင်းများ လွယ်ကူချောမွေ့စေရန် အထောက်အပံ့ပစ္စည်းများနှင့် ရေယာဉ်၏ သက်ဆိုင်ရာ သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# အစိုးရသစ်ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များ

ယမန်နေ့မှအဆက်

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၂၂။ | ပြည်ပပူးပေါင်းစိုက်ခင်းများတည်ထောင်ခြင်း | ➢ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရေးတို့အတွက် ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စိုက်ခင်း (၉၈၀၁ ဒသမ ၁၇) ဧကတည်ထောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ခြင်း၊ သောက်သုံးရေကန်များ ပြန်လည်တူးဖော်ပြုစုခြင်းတို့အပြင် ညောင်ဦးမြို့နယ်တွင် JICA နှင့် ပူးပေါင်း၍ တည်ထောင်စိုက်ပျိုးခဲ့သော ထင်းစိုက်ခင်း ၁၇၈၆ ဒသမ ၇၈ ဧကအား ပတ်ဝန်းကျင်ရှိ ဒေသခံကျေးရွာငါးရွာသို့ ဒေသခံပြည်သူများ ကိုယ်တိုင်စီမံအုပ်ချုပ်ထုတ်ယူသုံးစွဲနိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ |
| ၂၃။ | သစ်ထုတ်လုပ်မှုပမာဏ လျှော့ချခြင်း | ➢ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးအတွက် အရေးပါသော သစ်တောဂေဟစနစ် စဉ်ဆက်မပြတ်တည်တံ့ရေးနှင့် ပြည်တွင်းလိုအပ်ချက်အပေါ်မူတည်၍ သစ်ထုတ်လုပ်မှုပမာဏကို နှစ်စဉ်လျှော့ချပြီး ရေရှည်တွင် နှစ်စဉ်တောထွက် ခွင့်ပြုပမာဏအတွင်းသာ ထုတ်ယူသွားရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ယင်းစီမံချက်အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ကျွန်း/သစ်မာတန် ၁၇ ဒသမ ၇ သိန်း ခုတ်လှဲထုတ်လုပ်ရာမှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တန် ၉ ဒသမ ၂၅ သိန်းသာ ခုတ်လှဲထုတ်လုပ်ခဲ့ပါသည်။ လက်ရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျွန်းတန် ၆၀၀၀၀ တန်နှင့် သစ်မာတန် ၆၇၀၀၀၀ စုစုပေါင်း တန် ၇ ဒသမ ၃ သိန်း သာ လျာထားပြီး လျှော့နည်းထုတ်လုပ်သွားရန် စီမံထားရှိပါသည်။ |
| ၂၄။ | သစ်အလုံးလိုက် ပြည်ပတင်ပို့မှုရပ်ဆိုင်းခြင်း | ➢ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ သစ်အလုံးလိုက် ပြည်ပတင်ပို့ခြင်းကို အောင်မြင်စွာ ရပ်ဆိုင်းခဲ့ပါသည်။ |
| ၂၅။ | ဝင်ငွေရရှိမှုပုံစံပြောင်းလဲခြင်း | ➢ မြန်မာ့သစ်လုပ်ငန်း၏ လွန်ခဲ့သော သုံးနှစ်အတွင်း နှစ်အလိုက် ပျမ်းမျှအားဖြင့် ပြည်တွင်းဝင်ငွေ ကျပ် ၆၀၄၁၁ သန်းနှင့် ပြည်ပဝင်ငွေ US $ ၇၇၈ သန်း ရရှိခဲ့ပါသည်။<br>➢ ယခုအခါ သစ်အလုံးလိုက် ပြည်ပတင်ပို့မှုရပ်ဆိုင်းခဲ့ပြီးနောက် ပြည်တွင်း၌ ခွဲစိတ်ထုတ်လုပ်သည့် သစ်ခွဲသားနှင့် တန်ဖိုးမြင့် သစ်အခြေခံထုတ်ကုန်များကိုသာ တင်ပို့ရောင်းချရေးဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက သစ်အခြေခံစက်မှုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ သစ်လုံးကုန်ကြမ်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရောင်းချပေးလျက်ရှိပြီး နိုင်ငံတော်၏ ပြည်ပဝင်ငွေကို ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတိုးတက် ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ပါသည်။ |
| ၂၆။ | ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း | ➢ ပုဂ္ဂလိကကဏ္ဍမြင့်တင်ရေးနှင့်ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ ဒေသအသီးသီးတွင် သစ်စက်နှင့်သစ်အခြေခံစက်ရုံ စုစုပေါင်း ၈၄ ရုံအနက် သစ်စက် ၂၈ စက်နှင့် သစ်အခြေခံစက်ရုံ သုံးရုံတို့ကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ပုဂ္ဂလိကကဏ္ဍသို့ နှစ်ရှည်ငှားရမ်း လည်ပတ်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်သစ်စက်နှင့် သစ်အခြေခံစက်ရုံများကိုလည်း အလားတူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| ၂၇။ | နိုင်ငံပိုင် စီးပွားရေးကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရန် စီမံဆောင်ရွက်ခြင်း | ➢ မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် ပြည်ထောင်စုရန်ပုံငွေအတွင်းစီးပွားရေးလုပ်ကိုင်လျက်ရှိရာ ပြောင်းလဲလာသော အခြေအနေများအရ လွတ်လပ်စွာ စီးပွားရေးဆန်ဆန်လုပ်ကိုင်နိုင်သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ်ပြောင်းလဲဖွဲ့စည်းရန် လိုအပ်လာခဲ့ပါသည်။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းဖွဲ့စည်းနိုင်ရေး ဥပဒေကြမ်းရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၂၈။ | Digital Camera ဖြင့်ကောင်းကင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်း | ➢ ယခင် Analogue Camera ဖြင့်ကောင်းကင် ဓာတ်ပုံရိုက်ကူး၍ မြေပုံရေးဆွဲခဲ့ရာမှ ယခုအခါ Digital Aerial Camera ဖြင့် ကောင်းကင် ဓာတ်ပုံရိုက်ကူးပြီး မြေပုံရေးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ |
| ၂၉။ | နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ➢ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်အထူးစီးပွားရေးဇုန်နယ်နိမိတ် တိုင်းတာသတ်မှတ်ပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းသီလဝါ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တိုင်းတာသတ်မှတ်ပေးခြင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နယ်နိမိတ်အငြင်းပွားမှုများအတွက် ပြည်နယ်/တိုင်းဒေသကြီးခြား နယ်နိမိတ်မျဉ်းများ တိုင်းတာဖော်ပြပေးခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ (World Heritage) သတ်မှတ်ခံရရေးအတွက် ပျူရှေးဟောင်းမြို့သုံးမြို့၏ ဧရိယာအားတိုင်းတာခြင်းလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။ |

**တပင်တိုင်မြနန်းအစွမ်းအံ့မခန်းနှင့်ဆေးဖက်ဝင်အပင်များ**

**တန်ဖိုး ၁၀၀၀/-ကျပ်** ပေါက်ပေါက်

အမျိုးသမီးရောဂါများအတွက် တပင်တိုင်မြနန်း၊ ဘီပို၊ စီပိုးများအတွက် ဣသရမူလီပင်၊ သားအိမ်ကင်ဆာအတွက် ကမ်းဇော်ဆီ၊ ခန္ဓာ ကိုယ်တွင်းကင်ဆာရောဂါအတွက် မုန်လာဥနီ၊ ကင်ဆာဆဲလ်တွေကို သေစေတဲ့ ဒူးရင်းသြဇာရွက်၊ အစာအိမ်နှင့် အရိုးကင်ဆာအတွက် ဆေးကောင်းတစ်လက်၊ အူမကြီးကင်ဆာမဖြစ်အောင် ကာကွယ်ပေးမည့် စပါးလင်လေးများအကြောင်း၊ ဆီးကျိတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးအတွက် ဆေးဖက်ဝင်ပူစီနံ၊ အဆုတ်ကင်ဆာ ဆဲလ်ကိုသေစေတဲ့ ပြိုင်စံရှားဖော်ရည်၊ ကင်ဆာရောဂါများအတွက် လိမ္မော်သီးအစွမ်း၊ ကင်ဆာဆဲလ်များ ကြီးထွားလာမှုကို ထိန်းချုပ်ပေးတဲ့ ကန်စွန်းရွက်၊ ကလေးကင်ဆာအန္တရာယ်သတိပြုဖွယ်...

စာရေးသူ၏ ရေးသားထားသော (၁)ကျန်းမာရေးအတွက် လက်တစ်ကမ်းမှ ဆေးဖက်ဝင်သီးနှံများ (၁၊ ၂)၊ (၂) သက်ရှည်ကျန်းမာ အသက်(၁၀၀) နေလိုလျှင် (၁၊ ၂)စာအုပ်များပါ ဝယ်ယူရရှိနိုင်ပါသည်။

မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်းအိမ်ရာ၊ တိုက် (၈၇/၉၁)၊ အခန်း(၅၀၂)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်စန်းရီ [၁၂/ပဘတ(နိုင်)၀၁၄၀၈၇] ထံမှ စာချုပ် စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ညိုညို[၁၂/မဂတ(နိုင်)၀၈၇၈၁၉] က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ဗိုလ်ထွန်းဇံ)၊ မြေကွက်အမှတ်(က/၂၈)၊ မြေကွက်တည်နေရာအမှတ် (၁၈)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်မြင့် [၁၂/ဒပန(နိုင်)၀၂၈၆၈၃]အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၇/၂၀၁၄ တွင် တရားလို ဦးခင်ဇော်တင့်(ခ)ဘန်အုံးက တရားပြိုင် ကျင်စန်းအပေါ် စွဲဆိုရာ မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားလို၏ အမည်ပေါက် ဆောင်ရွက်နိုင်ရန်အတွက် မြေကွက်နှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား တရားပြိုင်ဖြစ်သူမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားလိုသို့ လိုက်ပါချုပ်ဆိုဆောင်ရွက်ပေးစေရန် ချမှတ်သည့် (၂၅-၉-၂၀၁၄) ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် (၂၆/၂၀၁၄) အမိန့်တို့ တင်ပြလျက် တရားရုံး (ဒေါ်ကျင်စန်း)ကိုယ်စား တရားရုံး ဘီလစ် ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ကျောင်းကုန်း(န)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၂၃၈(က) အလျား ပေ၆၀၊ အနံ ပေ၂၀ မြေကွက်ရှိ အဆောက်အအုံ ရေ၊ မီး အကျိုးခံစားခွင့် အရပ်ရပ်အား မူလ မြေပါမစ်အမည်ပေါက် ဦးခင်မောင်ညွန့် [၁၂/ရပသ (နိုင်)၀၀၉၈၂၀] ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းဝယ်ပိုင်ခွင့်ရှိသူဟု ကတိပြုသူ ဒေါ်နွယ်နွယ် [၁၄/လပတ(နိုင်)၁၄၈၉၁၂] အမှတ် ၃၄၄၊ စွယ်တော်လမ်း၊ ကျောင်းကုန်း(န)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)ဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

နန်းတင်နွယ်ထွေး
[၁၂/ကမရ(နိုင်)၀၅၁၉၂၇]
၃၂၆ ဘီ၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၃၁၀၅၉၇၅၄

**ဖျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း**

အသီးဖျော်ရည်၊ ဂျယ်လီမာ/ပျော့၊ Jelly Candy၊ ကျွဲကော်ရိုင်း၊ Aloe Vera အချိုရည်၊ ရေခဲမုန့်၊ ပူလဲမစ်ရှိတ်၊ အအေးဆိုင်ပွင့်နည်း၊ ယိုမျိုးစုံ၊ တော်ပီ၊ ဝိုင်မျိုးစုံ၊ sauce၊ ကိတ်၊ ပေါင်မုန့်မျိုးစုံ နှင့် မုန့်ဖုတ်နည်းသင်တန်း

| | | | |
|---|---|---|---|
| 1 | (10.12.14)မှ(15.12.14) | 3 | (16.12.14)မှ(21.12.14) |
| 2 | (13.12.14)မှ(18.12.14) | 4 | (19.12.14)မှ(24.12.14) |

MASTER အရောင်းဆိုင် အမှတ်(၁၂၅)၊ ၂၇လမ်း (အလယ်ဘလောက်) 01-248014 09-73181875 01-379071 ကုန်ကြမ်းပစ္စည်းအပြီးတက်ပြီး ရေခဲမုန့်စက်၊ VCD စာအုပ်ဝယ်ယူရရှိနိုင်ပါသည်။

MASTER စားသောက်ကုန်သင်တန်း
အမှတ်(၁၀၇)၊ ၂၇-လမ်း(လယ်)ရန်ကုန်။ 01-389340, 09-36224199,09-320 20005

**ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅ ရပ်ကွက်၊ ၁၂လမ်း၊ အမှတ်(၇)ဟုခေါ်တွင်သော တိုက်ခန်းဥပစာ၏ အတိုင်းအတာ ၂၅ပေ×၅၀ပေရှိ မြေညီ(နှစ်လွှာ)တိုက်ခန်းနှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ မြေညီ(နှစ်လွှာ) တိုက်ခန်းအား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာ မရှိကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသူ ဒေါ်မြင့်မြင့်သိန်း[ ၁၂/စခန(နိုင်)၀၄၃၆၁၁]ထံမှ ကျွန်တော်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် လက်ခံသဘောတူပြီး၊ ငွေကြေးတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေညီ(နှစ်လွှာ) တိုက်ခန်းလွှဲပြောင်း ရောင်းဝယ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုရန်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ရုံးချိန်များတွင် အောက်ဖော်ပြပါလိပ်စာသို့ ကိုယ်တိုင်လာရောက်တင်ပြနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်စိုး
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၉၇)
အခန်းအမှတ်(၁၆/ဘီ)၊ ပထမထပ်၊
အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွေးအမြင်ဆောင်းပါး

# ဘက်စုံထူးချွန်သောလူငယ်များ ပေါ်ထွန်းရေးဆီသို့

**à arm¡ifoni¡Dif{wref[¡nif}**



မိဘများသည် သားသမီးများအား ၎င်းတို့ထက်ပို၍ တော်တတ်စေချင်သည်မှာ ငြင်းဆန်၍မရသော အရှိတရားပင်ဖြစ်သည်။ မိဘတိုင်းသည် ၎င်းတို့ငယ်ရွယ်စဉ်က ဖြတ်သန်းကြုံတွေ့ခဲ့ရသော သုခ၊ ဒုက္ခများကို သုံးသပ်၍ မိမိတို့၏သားသမီးများကိုလည်း တတ်နိုင်သမျှ အရှုံးနှင့်ရင်မဆိုင်ရလေအောင် ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ပေးလျက်ရှိကြပေသည်။ ထိုသို့ပြုစုပျိုးထောင်ပေးရာတွင် အချို့သောမိဘများသည် မိမိသားသမီး၏ဉာဏ်ရည်ဉာဏ်သွေး၊ ပညာလိုချင်စိတ်နှင့် ဝီရိယစိုက်ထုတ်မှုတို့အား အကဲဖြတ်ချင့်တွက်ခြင်းမရှိဘဲ မိမိဖြစ်လိုသောစိတ်ဆန္ဒကို ရှေ့တန်းတင်လျက် ဖိအားပေးနေသည်ကိုလည်း တွေ့ရှိရပါသည်။ အချို့မိဘများကမူ စီးပွားရေးဘက်တွင် ထူးချွန်အောင်မြင်မှုရှိကြသော်လည်း သားသမီးများ၏ပညာရေးကဏ္ဍကိုမူ ကိုယ်တိုင်အလေးထား ဆောင်ရွက်ခြင်းမရှိဘဲ ငွေဖြင့်သာ လွဲမှားစွာဖြေရှင်းလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိရပေသည်။

အချို့သောမိဘများသည် သားသမီးများအား ငွေကြေးထောက်ပံ့ပေးရုံမျှဖြင့် မိဘတာဝန်ကျေပွန်သည်ဟု ထင်မြင်ယူဆထားကြသည်။ ၎င်းထင်မြင်ချက်သည် လုံးဝမှားယွင်းသော အမြင်သဘောထားပင် ဖြစ်သည်။ လက်တွေ့ဘဝတွင်မူ သားသမီးများသည် ပညာရေးကဏ္ဍတွင် မိဘများ၏ အလေးထားမေးမြန်းမှုနှင့် ညွှန်ကြားပြသမှုတို့ကို လိုလားတောင့်တကြပါသည်။ အထူးသဖြင့် မူလတန်းအရွယ်ကလေးများသည် မိဘ၏အကူအညီကို ငံ့လင့်ကြသည်။ ကျူရှင်၊ ဝိုင်း မည်မျှပင်ထားပေးနေစေကာမူ မိဘများက လျစ်လျူရှုခံထားရသော ကလေးများသည် ဘက်စုံထူးချွန်ရန် အခွင့်အလမ်းနည်းပေသည်။ အထူးသဖြင့် စာရိတ္တပိုင်းတွင် အားနည်းနေမည်သာ ဖြစ်ပေသည်။

မိဘများအနေဖြင့် လုပ်ငန်းခွင်မှ ပြန်လည်ရောက်ရှိချိန်တွင် မိမိသားသမီးများ၏ ကျောင်းစာအုပ်များကို စစ်ဆေးကြည့်သင့်ပါသည်။ စစ်ဆေးရန်အချိန်မရှိခဲ့လျှင်တောင်မှ ကျောင်း၌သင်ယူခဲ့ရသည့် ဘာသာရပ်များနှင့် ခေါင်းစဉ်များကို ညဘက်ထမင်းစားဝိုင်း၌ မေးမြန်းသင့်ပါသည်။ သားသမီးများ ပညာသင်ကြားရေးနှင့်ပတ်သက်ပြီး မိဘများ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲမှာ ကျူရှင်ပြဿနာပင်ဖြစ်သည်။ ယနေ့ခေတ်မိဘအများစုသည် သားသမီးများအား အတန်းပိုင် ဆရာ၊ ဆရာမများထံ ကျူရှင်ထားမှသာလျှင် အတန်းစာလိုက်နိုင်ပြီး စာမေးပွဲအောင်မြင်မည်ဟု ထင်မြင်ယူဆနေကြပါသည်။ အမှန်စင်စစ်မှာမူ မိဘများ၏ ထင်မြင်ချက်နှင့် လုံးဝကွဲလွဲနေသည်ကို တွေ့ရှိနိုင်ပါသည်။

ကျောင်းသားတစ်ယောက်ကို ကျူရှင်၊ ဝိုင်း ထားကြည့်ပြီး သင်ကြားမှုကို ဆွေးနွေးကြည့်ပါ။ သီးခြားသင်ကြားပေးသည့် အလေ့အထနည်းပါးပြီး ကျောင်း၌သင်ကြားထားသောစာများကိုသာပင် ထပ်မံ၍ ရေး၊ ဖတ်ပြုလုပ်ခိုင်းသည့်အဆင့်၌သာရှိပါသည်။ သီးခြားထပ်ဆောင်းသင်ကြားပေးသည့် ကျူရှင်မျိုးသည် ၁၀ ရာခိုင်နှုန်းအောက်ခန့်သာ ရှိနိုင်ပါသည်။

ဘက်စုံထူးချွန်သော သားသမီးများ ပေါ်ထွန်းရေးသည် မိဘများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှသာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ နှစ်စဉ် မြန်မာတစ်နိုင်ငံလုံးတွင် ဒသမတန်းကို အဆင့် (၁) မှ (၁၀) အတွင်းရရှိအောင် ဖြေဆိုအောင်မြင်ခဲ့သော ကျောင်းသားအများစုသည် မိဘများ၏ ပံ့ပိုးမှုကြောင့်သာ ဖြစ်သည်ဆိုသော အမှန်တရားကို ငြင်းဆို၍မရနိုင်ပေ။ မိဘများသည် သားသမီးများ၏ ပညာရေးတိုးတက်ရန်အတွက် ငယ်စဉ်ကတည်းက ကိုယ်တိုင်ပါဝင်ဆောင်ရွက်သင့်ပါသည်။ သာဓကအနေဖြင့် ကလေးငယ်များ ကျောင်း၌သင်ယူခဲ့ရသော သင်္ချာ၊ အင်္ဂလိပ်စာများအား ထပ်မံရှင်းလင်း သင်ကြားပြသပေးခြင်း၊ ကူ၍ဖတ်ပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ လစဉ်ဆန်းစစ်စာမေးပွဲများတွင် ကလေးငယ်များ၏ ဘာသာရပ်အလိုက် အမှတ်ရရှိမှုကို စစ်ဆေးပြီး အမှတ်နည်းသည့်ဘာသာများအား ပို၍အလေးထား ကျက်မှတ်ရန် လမ်းပြကူညီသွားရန် လိုအပ်ပေသည်။ မိဘအများစုသည် ကလေးများအား ကျူရှင်ထားပြီး စာမေးပွဲတွင် အမှတ်နည်းပါက ဖိအားပေးလေ့ရှိသည်။ အချို့သောမိဘများကမူ ကျူရှင်ထားပြီး ဖြတ်လမ်းနည်းဖြင့်ရရှိသော အမှတ်များကို သာယာနေကြသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိနေရသည်။ မိမိသားသမီးကို နွံနစ်နေခြင်းသာဖြစ်သည်။ ငယ်စဉ်က လွယ်ကူစွာရရှိခဲ့သော အမှတ်များအပေါ် သာယာနေပါက အထက်တန်းနှင့် တက္ကသိုလ်အဆင့် ရောက်ရှိချိန်တွင် ဖြေဆိုရမည့် စာမေးပွဲများ၌ အခက်တွေ့ရမည်သာ ဖြစ်သည်။

ကလေးတစ်ဦးသည် ကျောင်းစာတစ်ခုတည်းကိုသာ အာရုံစိုက်နေပါက ကျန်းမာရေးချူချာလာနိုင်သဖြင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ရန်အတွက်လည်း တိုက်တွန်းပေးသွားရန် လိုအပ်ပေသည်။ ထို့အပြင် မိဘများသည် သားသမီးများအား ကျောင်းပညာရေးအပြင် စိတ်ကျန်းမာရေးအတွက် အထောက်အကူပြုသည့် ဘာသာရေးစာပေယဉ်ကျေးမှုအလေ့အထနှင့် ပြင်ပဗဟုသုတစာပေများ လေ့လာရန်အတွက် လမ်းညွှန်ပြသပေးရန်လည်း လိုအပ်ပေသည်။

မိဘများသည် ဘက်စုံထူးချွန်သော သားသမီးများပေါ်ထွန်းရေးအတွက် မိမိ၏သားသမီးများကို ငယ်စဉ်ကတည်းကပင် မှန်ကန်သောပညာရေးလမ်းကြောင်းပေါ်သို့ တင်ပေးရန် လိုအပ်ပါသည်။ ကလေးများ၏ပညာရေးကို ငွေကြေးဖြင့်သာ ဖြေရှင်းမနေဘဲ ကိုယ်တိုင်ပါဝင်သင်ကြားပြသပေးခြင်းဖြင့်သာ အရည်အသွေးကောင်းသော ကျောက်ကောင်းများဖြစ်လာနိုင်ကြောင်း ဉာဏ်မီသမျှ ရေးသားတင်ပြအပ်ပါသည်။

## ၁၆ ခုတင်ဆံ့ ဆေးရုံတည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကျင်းပ

**နတ်တလင်း၊ ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ နယ်တောင်ညိုမြို့သစ် အောင်ဇေယျာကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီခွဲက ၁၆ ခုတင်ဆံ့ဆေးရုံတည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနား ကျင်းပခဲ့သည်။

၎င်းအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ဆရာဝန်ကြီး ဦးစိုးလှိုင်ဦးနှင့် ရပ်မိရပ်ဖကိုယ်စားလှယ် ဦးမြင့်ဆွေတို့က အသီးသီး ပန္နက်တင်ပေးကြသည်။

ယင်းနောက် ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးအေးမောင်က ယခုတည်ဆောက်မည့်ဆေးရုံတွင် လူနာဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ဆောင်၊ ပြင်ပလူနာဆောင်များအပြင် တာဝန်ကျဆရာဝန်နေထိုင်ရန် နှစ်ခန်းတွဲတိုက်တစ်လုံး၊ သူနာပြုဝန်ထမ်းများနေထိုင်ရန် သုံးခန်းတွဲတိုက်တစ်လုံး၊ ဆေးရုံလုပ်သားများနေရန် လေးခန်းတွဲနှစ်လုံးတို့ပါ တည်ဆောက်သွားမည်ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးကလည်း သတ်မှတ်ကာလအတွင်း ပြီးစီးသွားအောင် ဆောင်ရွက်ရေးနှင့် စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ဆေးရုံတည်ဆောက်ရန် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် သိန်း ၆၀၀၀ ကျပ် ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်၍ အကျယ်အဝန်းမှာ အလျား ၁၂၆ ပေ၊ အနံ ၈၉ ပေ၊ အမြင့် ၁၄ ပေဖြစ်ပြီး ALL Media (Information Co.,Ltd) ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည် ဖြစ်သည်။

ပန္နက်တင်ပွဲအခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးစိုးလွင်၊ မြေစာရင်းဦးစီးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်စည်ပင်သာယာရေးအင်ဂျင်နီယာ ဦးမော်လွင်၊ လက်ထောက်ပညာရေးမှူး ဦးအေးစိုးငွေ၊ တိုက်နယ်ဆရာဝန် ဦးဝင်းဇော်ငွေတို့နှင့်အတူ ဒေသခံရပ်မိရပ်ဖများ၊ ကျေးရွာအထောက်အကူပြုကော်မတီ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ **(ဝ၇၁)**

**သန်းထိုက် (ရွှေရိပ်)**

ပြုစုရေးသားပါသည်။




Facebook ကိုအကောင်းဆုံး ထိန်းချုပ်ကိုင်တွယ်နိုင်ဖို့လိုလာပြီလား ...
ဒီအတွက် အစုံလင်ဆုံးဖြင့် တစ်အုပ်ထဲနှင့် ပြည့်စုံမှုရှိရမယ်။
ထူးထူးခြားခြားအသုံးများနဲ့ မရှိမဖြစ်စာအုပ် ...

Facebook Account ကိုလွယ်လွယ်ကူကူ ဖွင့်နိုင်ဖို့နည်းလမ်းများစွာ၊
Mobile နဲ့တိုက်ရိုက် Account ဖွင့်နည်းကိုလက်တွေ့ကျကျပြထားသလို၊
Lock ကျသွားတဲ့အခါ၊ Hack ခံလိုက်ရတဲ့အခါ ပြန်ယူဖို့နည်းလမ်းတွေ၊
Lock မကျခင်၊ Hack တာမခံရခင် ကြိုတင်ပြင်ဆင်ထားဖို့၊
လုံခြုံရေးအသစ်တွေကို သိတွေ့နိုင်ဖို့၊ စိတ်ညစ်စရာတွေကြိုကာကွယ်ဖို့၊
ရက် ၆၀ စောင့်ဖို့မလိုပဲ Name တွေပြင်နိုင်ရန်၊ လုံခြုံတဲ့ Browser ၊
Telenor SIM Card အသုံးပြုပုံတွေ၊ အခမဲ့ Facebook အသုံးတွေထိပါဝင်ပါတယ်။

**Facebook** အတွက် လျှို့ဝှက်အသုံးများ

**2500 Ks**

ပင်ရင်းဖြန့်ချိရေး
မဇ္ဈိမစာပေတိုက်
အမှတ်(၂၃၇)၊ ၃၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၊ ၀၉-၇၃၀၅၉၉၃၅

စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ

# ရှေးဟောင်းမြန်မာဆေးအဘိဓာန်

သမားတော်ကြီးဦးသောင်းရွှေ

တောင်သာမြောက်သာဆေးပညာ၊ တိုင်းရင်းဆေးပညာ၊ သဘာဝဓမ္မဆေးပညာ အစုစုတို့ကို အလေးဂရုပြု၍ ဘေသဇ္ဇကုထုံး အဘိဓာန်ကျမ်းကြီးတစ်ဆူအဖြစ် ဖော်ထုတ်ထားပါသည်။ ဆေးပင်များ၏ ဂုဏ်သတ္တိများနှင့် လက်တွေ့ကုထုံးများပါ ထည့်သွင်းပေးထားပါသည်။

တန်ဖိုး ၂၀၀၀/-ကျပ်

City Mart, Ocen Hyper Mart, Tab Book Center အစရှိသော Super Market များနှင့်စာအုပ်ဆိုင်ကြီးများတွင်ပါဖြန့်ချိထားပါသည်။

မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

## ထူးကြီးအသင်း(ရန်ကုန်)
## နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ထူးကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၀-၁၂-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီတော်ဝင်းရှိ သုဂတောဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ရန်ကုန်မြို့နေ အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းနှင့် အသက် (၇၅)နှစ်အထက် သက်ကြီးအပူဇော်ခံပုဂ္ဂိုလ်များအနေဖြင့် အထောက်အထားမိတ္တူများကို ၁၈-၁၂-၂၀၁၄ ရက် နောက်ဆုံးထားပြီး ပေးပို့ကြပါရန်နှင့် ဆက်သွယ်မေးမြန်းလိုပါက ဦးမျိုးသန့် (ဥက္ကဋ္ဌ) ဖုန်း-၀၉ ၅၀၃၈၉၇၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးခင်မောင်ကြည် ဖုန်း-၀၉ ၇၃၁၃၈၃၉၄၊ ဦးမြင့်သန်း ဖုန်း- ၀၁-၂၉၄၁၅၀၊ ဦးထွန်းဝေ ဖုန်း-၀၉-၇၃၂၃၅၆၈၂ တို့ထံ ဆက်သွယ်နိုင်ပါသည်။

ထူးကြီးအသင်း(ရန်ကုန်)၏ အသင်းဝင်များ၊ ထူးကြီးဒေသဖွားအသင်းမဝင်ရသေးသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) စုံစုံညီညီ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ထူးကြီးအသင်း(ရန်ကုန်)

# သာစည်မြို့နယ်ကျေးရွာများ၌ ယခုနှစ်မိုးရွာသွန်းမှု နည်းသဖြင့် ကုလားပဲခင်းများ အောင်မြင်ဖြစ်ထွန်း

**သာစည်၊ ဒီဇင်ဘာ ၁၂**

မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးရွာများတွင် တောင်သူများစိုက်ပျိုးထားသော ကုလားပဲခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်သည် သာစည်မြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးသောနှစ်ဖြစ်၍ အခြားသီးနှံများရရှိမှု နည်းသည့်အတွက် တောင်သူများ ကုလားပဲကိုယခင်နှစ်များကထက် ပိုမိုအားပြုစိုက်ပျိုးကြသည်။

"ဒီနှစ်ကတော့ ကျွန်တော်တို့တောင်သူတွေ ကုလားပဲကိုပဲ အားကိုးရတော့မှာပါ။ ဈေးကောင်းပေမယ့် မိုးရွာသွန်းမှုနည်းပါးတဲ့အတွက် ဈေးကလည်း နည်းနည်းပဲရပါတယ်။ ကျွန်တော်တို့ဘက်က မိုးကောင်းသောက်ဆိုတော့ စပါးကလည်း ဝမ်းစာတောင်မရပါဘူး။ ကုလားပဲက မျိုးတစ်တင်းကို ၁၅၀၀၀ ပေးရတယ်။ တစ်ဧကကို တစ်တင်းလောက်စိုက်ရပြီး ရာသီဥတုကောင်းမွန်ပါက ၁၅ တင်းကနေ တင်း ၂၀ လောက်အထိထွက်နိုင်ပါတယ်။ အသီးအနှံပေါ်ချိန် ဈေးကောင်းရဖို့တော့ မျှော်လင့်မိပါတယ်" ဟု မုန်တောကျေးရွာမှ ကုလားပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ကုလားပဲသည် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များဖြစ်ထွန်းလာပါကလည်း အပင်အားဆေးနှင့် ပိုးသတ်ဆေးလောက်သာဖျန်းပေးရပြီး အခြားပြုပြင်စရာမလိုဘဲ နှင်းကျလေ အပင်ပိုမိုဖြစ်ထွန်းလေဖြစ်သောကြောင့် တောင်သူများနှစ်စဉ်အားထားစိုက်ပျိုးကြသော သီးနှံဖြစ်သည်။

ကုလားပဲကို မိုးအကုန်ဆောင်းအကူး တန်ဆောင်မုန်းလမှ စတင်စိုက်ပျိုးကာ တပို့တွဲလတွင် ရိတ်သိမ်းကြသည်။ ကုလားပဲခင်းများသည် သီးနှံရိတ်သိမ်းပြီးပါကလည်း ထယ်ရေးအခံရှိပြီးဖြစ်သည့်အတွက် နောက်သီးနှံများ စိုက်ပျိုးရန် အနည်းငယ်သာ ထွန်ယက်ရမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# တီးတိန် ကျေးလက်လမ်းလုပ်ငန်းများ စစ်ဆေး

**တီးတိန်၊ ဒီဇင်ဘာ ၁၂**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကျပ် ၁၂ သန်းဖြင့် Blue Hill Company Co. Ltd မှဆောင်ရွက်သော တက်လွှီး-ဟောက်ပီးကျေးရွာ၊ တက်လွှီးကျေးရွာမှ ဇလွှီးချောင်းအထိ သုံးမိုင်အကျယ် ၁၈ ပေလမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်မှုအား တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့်အဖွဲ့တို့မှ ဒီဇင်ဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုဟေဆာ**

# သစ်တောအစုအဖွဲ့ပိုင် စိုက်ခင်း တည်ထောင်ခွင့်လက်မှတ်ပေးအပ်

**စစ်ကိုင်း ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခွင့်လက်မှတ် ပေးအပ်ပွဲကို ဒီဇင်ဘာ ၈ ရက်နံနက်က ကုက္ကိုကုန်းကျေးရွာနှင့်ကျောက်အိုင်ကျေးရွာတွင် ကျင်းပခဲ့သည်။

